ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ (27-8-2008) (၅၇၈၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ်ရုံးမှ အကြံပေးပုဂ္ဂိုလ် ဦးဆောင်သော ကူဝိတ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ်ရုံးမှ အကြံပေးပုဂ္ဂိုလ် H.E. Dr. Ismail Khedr Al-Shatti အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ်ရုံးမှ အကြံပေးပုဂ္ဂိုလ် H.E. Dr. Ismail Khedr Al-Shatti ဦးဆောင်သော ကူဝိတ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ်ရုံးမှ အကြံပေးပုဂ္ဂိုလ် H.E. Dr. Ismail Khedr Al-Shatti နှင့်အတူ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့ရှိ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကူဝိတ်နိုင်ငံသံရုံး-သံရုံးယာယီတာဝန်ခံ Mr. Nayef Y.J Aladres နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

(သတင်းစဉ်)



လက်ခံတွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ်ရုံးမှ အကြံပေးပုဂ္ဂိုလ် H.E. Dr. Ismail Khedr Al-Shatti ဦးဆောင်သော ကူဝိတ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

ကြေးမုံ
The Mirror
၂၇-၁-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနှင့်ထိုင်း သံတမန်ဆက်သွယ်မှုအဝန်းရှည် ချစ်ကြည်ရင်းနှီး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့ သံတမန်ဆက်သွယ်မှုပြုခဲ့သည်မှာ ယခုအခါ နှစ်ပေါင်း(၆၀)ပြည့် မြောက်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး ရေမြေသဘာဝချင်း ဆက်စပ်လျက်ရှိရာ ယဉ်ကျေးမှုဓလေ့ထုံးစံချင်းလည်း တူညီကြသည်။

အိမ်နီးချင်းကောင်း နိုင်ငံများဖြစ်ရာ သံတမန်ဆက်သွယ်မှု ထူထောင်လာခဲ့သည့် ကာလတစ်လျှောက် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေးသည် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် ကဏ္ဍစုံပူးပေါင်း ဆောင်ရွက်မှုတို့ဖြင့် တိုးတက်ကောင်းမွန်လျက်ရှိသည်။

မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးမှုကို တန်ဖိုးထား၍ နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန် လည်ပတ်မှုများရှိသဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုသွက်လက် ခိုင်မာလျက်ရှိသည်။

ထို့အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည်နှင့်အညီ အာဆီယံ၏ ရည်ရွယ်ချက်တစ်ရပ်ဖြစ်သော ပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်းစဉ်များမှတစ်ဆင့် ဒေသတွင်း စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု တိုးတက်ဖြစ်ပေါ်မြင့်တင်ရေး ကြိုးပမ်းမှုများတွင် ပါဝင်ဖော်ဆောင်လျက် ရှိနေကြသည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိရာ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ကမ္ဘာ့နိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင် အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြသည်နှင့်အညီ နယ်စပ်ဒေသ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကျိုးစီးပွား အကာအကွယ်ပေးရေးတို့တွင် တိုးတက်မှုရလဒ်ကောင်းများ ဖြစ်ထွန်းလျက်ရှိသည်။ နှစ်နိုင်ငံသံတမန်ဆက်သွယ်မှုထူထောင်လာခဲ့သည့် နှစ်(၆၀)ပြည့်ကာလမှသည် အစဉ်အဆက် ဖြစ်တည်နေသည့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်သွားနိုင်ကြမည်ဖြစ်ပါသည်။ ။

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရွှေလင်ပန်းစက်မှုဇုန် ဓာတ်အားခွဲရုံကြည့်ရှုစစ်ဆေး

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် ဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇြဂုတ် ၂၆

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇြဂုတ် ၂၄ရက်တွင် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ရုံးချုပ်ခန်းမ၌ ရန်ကုန်မြို့တော်အတွင်း လျှပ်စစ်ဓာတ်အား(ယူနစ်) ပျောက်ဆုံးမှုလျော့ပါးစေရေး၊ မီတာသုံးစွဲခ ယူနစ်ငွေ တိုးပွားစေရေးနှင့် လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲသူ မသမာမှုများ ပပျောက်စေရေးအတွက် ပြည်နယ်နှင့်တိုင်းများမှ လာရောက် ကူညီဆောင်ရွက်ပေးလျက်ရှိသည့် ခရိုင်အုပ်ချုပ်ရေးမှူးများ၊ လျှပ်စစ်အင်ဂျင်နီယာများနှင့်တွေ့ဆုံ၍ ဝန်ထမ်းရေးရာဆိုင်ရာများနှင့် စပ်လျဉ်း၍ တင်ပြမှုအပေါ် ရည်မှန်းချက်လုပ်ငန်းတာဝန်များ အောင်မြင်တိုးတက်စေရေးအတွက် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းပြီး စွမ်းရည်မြှင့်တင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အတွေ့အကြုံနှင့် နည်းပညာများပေါင်းစပ်၍ ခရိုင်နှင့်မြို့နယ်များအလိုက် ဘဏ္ဍာငွေ လျာထားသတ်မှတ်ချက် ပြည့်မီစေရေးအတွက် တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အလုံ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ သွားရောက်ပြီး စက်ရုံထိန်းချုပ်ခန်း၌ ရေနွေးငွေ့ဘွိုင်လာနှင့် တာဘိုင်စက်များကို ထိန်းချုပ်မောင်းနှင်သည့်Computer Control System များနှင့်Control Panel Box များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့အား စက်ရုံအစည်းအဝေးခန်းမ၌ အလုံ၊ လှော်ကား၊ ရွာမနှင့် သာကေတ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတို့မှ စက်ရုံမှူးများ၏ ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီးက စက်ရုံအလိုက် ဝန်ထမ်းအင်အားပြည့်မီစေရေးနှင့်ရည်မှန်းချက် လုပ်ငန်းတာဝန်များအောင်မြင်တိုးတက်စေရေးအတွက် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် ဓာတ်အားခွဲရုံသို့သွားရောက်ပြီး တပ်ဆင်ထားသော ထရန်စဖော်မာများနှင့် ဓာတ်အား အဝင်၊ အထွက်ဖြန့်ဖြူးမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပန်းဘဲတန်းမြို့နယ် အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲကို ဇြဂုတ် ၂၃ ရက်က ကျင်းပရာ Grade 5-A မှ ပထမရရှိသူ မဝတ်မှုံဖူးအား ကျောင်းအုပ်ဆရာကြီး ဦးစိုးတင့် ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

စစ်တွေမြို့ရှိနယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ဒုတိယညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား မှာကြား

နေပြည်တော် ဇြဂုတ် ၂၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန၊ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်သည် ဇြဂုတ် ၁၅ရက်တွင် ရခိုင်ပြည်နယ်(စစ်တွေ)မြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းအတွင်း စိုက်ပျိုးဆောင်ရွက်ထားရှိမှု၊ အဆောက်အအုံဆောက်လုပ်ပြီးစီးမှု၊ ကျောင်းသားများနေထိုင်စားသောက်မှု၊ အိပ်ဆောင်ခန်းကျင်းမှုတို့ကိုကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကျောင်း၏ ရိက္ခာစတိုကို စစ်ဆေးကာ အသက်မွေးမှုပညာလေ့ကျင့်ရေး သင်တန်းကျောင်း (စက်ပြင်၊ အလုပ်ရုံ)သို့သွားရောက်၍ မွမ်းမံသင်တန်းတက်ရောက်နေသော သင်တန်းသားများ၏ လက်တွေ့ဆောင်ရွက်နေမှုများနှင့် သင်တန်းကျောင်းအတွင်းရှိ အဆောက်အအုံများ၊ စက်ပစ္စည်းများကို စစ်ဆေးသည်။ ယင်းနောက်သင်တန်းကျောင်းရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ဒုတိယညွှန်ကြားရေးမှူးချုပ်သည် လူငယ်သင်တန်းကျောင်းရုံး၌တာဝန်ရှိသူများအား တွေ့ဆုံပြီး ကျောင်းသားများ၏ပညာရည်တိုးတက်မြင့်မားရေး၊ တက္ကသိုလ်ဝင်တန်းအောင်ချက်ကောင်းမွန်ရေး၊ ယဉ်ကျေးလိမ္မာသောလူငယ်များ ဖြစ်ထွန်းလာစေရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် သင်တန်းသားများအား လိုအပ်သည်များ မှာကြားစဉ်။ (သတင်းစဉ်)

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း ရေကြည်၌ဖွင့်

ရေကြည် ဇြဂုတ် ၂၆

ပုသိမ်ခရိုင် ရေကြည်မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇြဂုတ် ၂၅ရက် နံနက် ၁၀နာရီက ရေကြည်ခန်းမ၌ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်ဝေ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုသိမ်ခရိုင်ဦးစီးအရာရှိ ဦးစန်းဝင်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးမောင်မောင်တင်တို့က အမှာစကားပြောကြားကြသည်။

သင်တန်းသို့ ရေကြည်မြို့နယ်နှင့် ငါးသိုင်းချောင်းမြို့နယ်တို့မှ စာရေးဝန်ထမ်း ၉၉ဦးတက်ရောက်ပြီး သင်တန်းနည်းပြ များအဖြစ် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်မြစီနှင့် စာထောက်(၃) ဦးတင်ချောတို့က ဆွေးနွေးပို့ချခဲ့ကြသည်။ (မြို့နယ်ပြန်/ဆက်)

အင်းလေးကန်နှင့် မိုင် ၂၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက်မှာကြား

နေပြည်တော် ဩဂုတ် ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဩဂုတ် ၂၄ရက် နံနက်ပိုင်းတွင် ပင်လုံရိပ်သာကြီး၌ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆) ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီနှင့်အဖွဲ့အား တွေ့ဆုံသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်က ဒေသဖွံ့ဖြိုးမှုများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးပြောကြားသည်။ ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်က စာရေးကိရိယာ၊ ဆေးဝါးနှင့် အားကစားပစ္စည်းများ ပေးအပ်ရာ တိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီက လက်ခံသည်။

ယင်းနောက်ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တောင်ကြီးတပ်နယ်မှ အရာရှိစစ်သည် မိသားစုဝင်များနှင့် တွေ့ဆုံ၍အမှာစကားပြောကြားပြီး တပ်နယ်အတွက် စာရေးကိရိယာ၊ ဆေးဝါးနှင့် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်က လက်ခံသည်။

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် အေးသာယာစက်မှုဇုန်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အေးသာယာစက်မှုဇုန်ရှိ သံရည်ကျိုစက်ရုံသို့ ရောက်ရှိကာ စက်ရုံရှင်းလင်းဆောင်၌ တောင်ကြီးအေးသာယာစက်မှုဇုန်မှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ယင်းနောက်ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အဖွဲ့သည်သံရည်ကျိုစက်ရုံအတွင်း သံထုတ်လုပ်မှုလုပ်ငန်း အခြေအနေ၊ Myanmar CP Live Stock Co., Ltd.၏ကြက်စာစက်ရုံအတွင်းကြက်စာထုတ်လုပ်မှု အခြေအနေ၊ မိုင်းတိုံမော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံရှိ ဂျစ်ကားများနှင့် Light Truck မော်တော်ယာဉ်များထုတ်လုပ်မှုအဆင့်ဆင့်နှင့် ရောင်းတန်းဝင်ကားများပြသထားမှုအခြေအနေ၊အောင်မြတ်ကုမ္ပဏီလီမိတက်၏ သကြားစက်ရုံအတွင်း (E-99) ဓာတ်ဆီအစားထိုး ဇီဝအီသနောစက်သုံးဆီထုတ်လုပ်ပုံအဆင့်ဆင့်ခင်းကျင်းပြသထားမှုနှင့် (E-99) ဇီဝအီသနောမီးစက်နှင့် မော်တော်ဆိုင်ကယ်များ စမ်းသပ်မောင်းနှင်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ညောင်ရွှေမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် အင်းလေးကန်နှင့် မိုင် ၂၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သစ်တော၊ ရေမြေ၊ သားငှက်၊ တိရစ္ဆာန်ကာကွယ်ထိန်းသိမ်းရေးစီမံကိန်း ပြည်နယ်နှင့် မြို့နယ် စီမံကိန်းလုပ်ငန်း ကြီးကြပ်မှုကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၄/၂၀၀၈) သို့ တက်ရောက်သည်။

ထို့နောက် တာဝန်ရှိသူများက သဘာဝတောများ ထိန်းသိမ်းခြင်းဖြင့် ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောဖွဲ့စည်းခြင်း၊ ဓမ္မတာမျိုးဆက်ခြင်း၊ ဒေသအစုအဖွဲ့အလိုက် သစ်တောတည်ထောင်ခြင်းလုပ်ငန်းများ၊သစ်တောစိုက်ခင်းတည်ထောင်ခြင်းဖြင့်ကမ်းပါးပြိုထိန်းသိမ်းရေးစိုက်ခင်း၊ လေကာတန်းစိုက်ခင်း၊သီးနှံသစ်တောရောနှောစိုက်ခင်း ဆောင်ရွက်မှုလုပ်ငန်းများနှင့် ကမ်းပါးပြို ထိန်းသိမ်းခြင်းဖြင့် ကွန်တို ကန်သင်း ကန့်ဖော်ထုတ်ခြင်း၊ ရေလွှဲမြောင်း တူးဖော်ခြင်း၊ နုန်းထိန်းတမံငယ်များ တည်ဆောက်ခြင်း၊ ကမ်းပါးပြိုဘေးနှုတ်ခမ်းတည်တံ့စေခြင်း လုပ်ငန်းများ၏ ၂၀၀၅-၂၀၀၆ ခုနှစ်မှ ၂၀၀၉-၂၀၁၀ ပြည့်နှစ်အထိဒုတိယ ငါးနှစ်စီမံကိန်းကာလအတွင်း ဆောင်ရွက်မည့် လုပ်ငန်းလျာထားချက်များနှင့် ၂၀၀၈-၂၀၀၉ ခုနှစ်အတွင်း ၂၀၀၈ ခုနှစ် ဇူလိုင်လကုန်အထိ လုပ်ငန်းဆောင်ရွက် ပြီးစီးမှုအခြေအနေများကို ကဏ္ဍအလိုက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်စီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်ကရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်က အမှာစကား ပြောကြားရာတွင် အင်းလေးကန်သည်တောင်ပေါ်ဒေသတွင်ရှိပြီး မြန်မာတွင်သာမက ကမ္ဘာတွင်ပါထင်ရှားသည့်သဘာဝကန်ကြီးတစ်ခုဖြစ်ကြောင်း၊ ဖောင်တော်ဦးဘုရားကို ဗဟိုပြု၍ မိုင် ၂၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံချက်ချပြီး လုပ်ကိုင်ဆောင်ရွက်ရာမှာ မိမိတို့ဒေသ၏ လုပ်ငန်းကိစ္စဟု မသတ်မှတ်ဘဲအမျိုးသားရေးလုပ်ငန်းအဖြစ်ဝိုင်းဝန်းထိန်းသိမ်း လုပ်ကိုင်ဆောင်ရွက်သွားကြရန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာတွင် “ဥတုရာသီတောကိုမှီ၏” ဟု ဆောင်ပုဒ်ရှိသည့်အတိုင်း သစ်တောဦးစီးဌာနကဦးဆောင်၍ ဌာနဆိုင်ရာများနှင့်လည်း ဝိုင်းဝန်းဆောင်ရွက်ကြရန်၊ပြည်နယ်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များကလည်း ဌာနဆိုင်ရာများအား ပံ့ပိုးကူညီဆောင်ရွက်သွားကြရန်၊ နုန်းပို့ခြင်းကိစ္စတွင် ပတ်ဝန်းကျင်ရှိခြံများက သစ်ပင်များ ခုတ်လဲမှုကြောင့် နုန်းပို့ရခြင်းဖြစ်သဖြင့် အင်းလေးကန်ပတ်ဝန်းကျင်တွင် စိုက်ပျိုးရေးခြံများ ထပ်မံတိုးချဲ့ စိုက်ပျိုးခြင်း မပြုလုပ်စေရန်၊မြေစာရင်းဌာနကလည်းမှတ်တမ်းမှတ်ရာ စာရင်းဇယားများဖြင့် ထိန်းသိမ်းထားရန်၊ ကန်အတွင်းရှိ ဗေဒါပင်များကို အကျိုးရှိရှိ အသုံးချရန်၊ ယင်းဗေဒါပင်များမှ ကုန်ထုတ်ပစ္စည်းများ ပြုလုပ်သွားရန်၊ ကျွန်းမျောများကိုလည်း ထပ်မံတိုးချဲ့ခြင်းများ မပြုလုပ်စေလိုဘဲတိုးပွားလာသည့်လူဦးရေများအတွက်မြေနေရာများ သတ်မှတ်ပေးရန်၊ မြေဆီမြေနှစ်များ ထိန်းသိမ်းနိုင်ရေးအတွက် ကန်တွင်းသို့ စီးဝင်သည့်ဘီလူးချောင်းအပါအဝင်ချောင်းများ၏အဝေးဆုံးနေရာမှစ၍ မြေဆီထိန်းပင်များစိုက်ပျိုးပေးရန်၊ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများသည် ဒေသနေ ပြည်သူများကို အန္တရာယ်ဖြစ်စေနိုင်သဖြင့် သဘာဝမြေဩဇာကိုသာသုံးစွဲရန်၊ ယင်းလုပ်ငန်းဆိုင်ရာများကိုအမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် လုပ်ကိုင်ဆောင်ရွက်သွားကြရန်၊ ကမ္ဘာလှည့်ခရီးသွားများ အများဆုံးလာရောက်လည်ပတ်သည့်ဒေသဖြစ်သည့်အတွက် ရေရှည်အကျိုးကို မျှော်ကိုးပြီး လုပ်ကိုင်ဆောင်ရွက်သွားကြရန်၊ ယင်းသို့ ပတ်ဝန်းကျင်ဒေသများ ထိန်းသိမ်းပေးခြင်းသည် ဒေသတွင်းနှင့် နိုင်ငံအတွက်ပါ အကျိုးပြုသည့်အတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားကြရန် စသည်ဖြင့် မှာကြားသည်။ (သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ပန်းဝါသနာရှင်များအသင်း (၁၅)နှစ်ပြည့်အထိမ်းအမှတ် ကျင်းပရေးနှင့် သင်တန်းများဖွင့်လှစ်ရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း (၁၅)နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် ပညာပေးသင်တန်းများ ဖွင့်လှစ်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၄ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်တွင်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း ဥက္ကဋ္ဌ၊ မြို့တော်စည်ပင် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူး ဦးညွန့်ဖေက အဖွင့်အမှာစကား ပြောကြားပြီး လုပ်ငန်းကော်မတီများအလိုက် ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

၁၉၉၃ ခုနှစ်က စတင်တည်ထောင်ခဲ့သော မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းသည် ယခုနှစ်တွင် သက်တမ်း (၁၅) နှစ် ပြည့်မြောက်ပြီဖြစ်၍ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်အတွင်း (၁၅) နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားနှင့် ပွဲတော်ကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်း၌ ရက်သတ္တတစ်ပတ်ကြာ စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ထားသည်။

အဆိုပါ အခမ်းအနား၌ ပြပွဲပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲ ၁၉ မျိုးနှင့် ဈေးရောင်းပွဲတော်၊ ဓာတ်ပုံပြိုင်ပွဲ စသည်တို့ပါဝင်မည်ဟု သိရသည်။

ထို့ပြင် မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းကကြီးမှူး၍ သစ်သီးအလှပုံဖော်ခြင်း (Fruit Curving)သင်တန်းကို ဩဂုတ် ၂၇ရက်မှ စက်တင်ဘာ ၆ရက်အထိ နေ့စဉ် မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအတွင်း၌လည်းကောင်း၊ ပန်းဥယျာဉ်တည်ဆောက်ခြင်းနှင့် မြေယာရှုခင်းပြုပြင်မှု (Gardening & Lanscapping) သင်တန်းကို စက်တင်ဘာ ၈ ရက်မှ ၂၆ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄နာရီတွင်း၌လည်းကောင်း သင်တန်းသား၊ သင်တန်းသူ ၅၀ ဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် သစ်သီးအလှပုံဖော်ခြင်းသင်တန်းတွင် အသင်းဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် ငွေကျပ် ၇၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် ငွေကျပ် ၈၀၀၀၊ ပန်းဥယျာဉ်တည်ဆောက်ခြင်းနှင့် မြေယာရှုခင်းပြုပြင်မှုသင်တန်းတွင် အသင်းဝင်များနှင့်နိုင်ငံ့ဝန်ထမ်းများအတွက် ငွေကျပ် ၁၅၀၀၀၊ ပြင်ပုဂ္ဂိုလ်များအတွက် ငွေကျပ် ၁၇၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် အသင်းရုံး၊ တယ်လီဖုန်းအမှတ်-၃၇၉၃၆၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (၄၅)

ဘုရင့်နောင်ဈေးကြီး မိသားစု စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးအဖွဲ့ သွေးလှူရှင်အသင်းက ကြီးမှူး၍ (၈)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဩဂုတ် ၂၃ရက် နံနက်ပိုင်းတွင် ဈေးသာယာရေးရုံး၌ ကျင်းပရာ သွေးလှူဒါန်းပွဲဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှအေး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန တာဝန်ခံဆရာဝန်ကြီးဒေါ်သီတာအောင်တို့က အမှာစကားပြောကြားကြပြီး အတွင်းရေးမှူးဦးခင်မောင်လွင်ကသွေးလှူဒါန်းပွဲနှင့်စပ်လျဉ်း၍ရှင်းလင်းပြောကြားသည်။ ဘုရင့်နောင်ဈေးကြီး မိသားစုသွေးလှူဒါန်းပွဲတွင် ဈေးသူ၊ ဈေးသားများနှင့် သွေးလှူရှင်များကသွေး ၂၆၆ ပုလင်းနှင့် စုပေါင်းလှူဒါန်းငွေကျပ် ၁၈၄၃၁၀၀ ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနသို့ ပေးအပ်လှူဒါန်းသည်။**(အပေါ်ပုံ)**

သွေးလှူရှင်များအား ဘုရင့်နောင်ဈေးသာယာရေးအဖွဲ့နှင့် အလှူရှင်များက တီရှပ်၊အင်္ကျီ၊ ဦးထုပ်၊ မျက်နှာသုတ်ပဝါနှင့် စားသောက်ဖွယ်ရာ၊ အာဟာရဒါန ၁၀မျိုးကို ပြန်လည်လှူဒါန်းကြပြီးဘုရင့်နောင်ဈေးသာယာရေးအဖွဲ့သွေးလှူရှင်အသင်းမှ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနသို့ လိုအပ်သော သွေးများအပြင်ဈေးသူ၊ဈေးသားများ၊စေတနာရှင်များ၊ သွေးလှူရှင်များက (၈)ကြိမ်မြောက်အထိ ငွေသားကျပ် သိန်း၉၀ကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

ရန်ကုန်အရှေ့ပိုင်းခရိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်အရှေ့ပိုင်းခရိုင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ရက်နံနက် ၇နာရီခွဲတွင် ရန်ကင်းမြို့နယ် ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး ဒေါ်ကြင်မြိုင်တို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးသန်းအောင်က အခမ်းအနားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ထို့နောက် အနုပညာရှင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်နှင့်ဇနီးတို့က**(ယာပုံ)** ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များ ကိုယ်စားဂီတမှူးစန္ဒရားမောင်လှအေး အားဂုဏ်ပြုပန်းခြင်းနှင့်ဂုဏ်ပြုဆုငွေ များပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ရန်ကုန် အရှေ့ပိုင်းခရိုင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဝါသနာရှင် အဆင့်(ပထမတန်း)၌ ၆၅ဦးနှင့် ဝါသနာရှင်အဆင့် (ဒုတိယတန်း)၌ ၂၃၃ဦးပါဝင်ယှဉ်ပြိုင်ကြကြောင်းသိရှိရသည်။ (သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

မင်္ဂလာဗျူဟာအသင်းချုပ် သွေးလှူဒါန်းပွဲ

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်၌ (၉၆)ကြိမ်မြောက် ဒါနဥပပါရမီသွေးလှူဒါန်းပွဲကို ဩဂုတ် ၃၁ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် စတင်ကျင်းပမည်ဖြစ်၍ မည်သူမဆို သွေးလှူဒါန်းလိုပါက ဩဂုတ် ၃၀ရက် နံနက် ၇နာရီမှစ၍ ကိုယ်တိုင် အသိအမှတ်ပြုကတ်ပြားပေး၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း၊ သွေးလှူရှင်များအတွက် အာဟာရကုသိုလ် ပဒေသာမဲ(အမှတ်တရပစ္စည်း)ပေးရန်အတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းနိုင်ကြောင်းနှင့် သိရှိလိုသည်များကို အသင်းချုပ် ဖုန်း-၃၇၀၉၅၈သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြောက်ဥက္ကလာပရွှေရတု

မော်ကွန်းစာအုပ်ထုတ်ဝေရေးညှိနှိုင်း

ရန်ကုန် ဩဂုတ် ၂၆

မြောက်ဥက္ကလာပမြို့နယ်၏ မြို့တည်နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် မောင်ကွန်းစာအုပ် ထုတ်ဝေရေး ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၂ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ ရွှေရတုအထိမ်းအမှတ် မော်ကွန်းစာအုပ် ထုတ်ဝေရေးဦးစီး ကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်နှင့် ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြောက်ဥက္ကလာပမြို့တည် နှစ်(၅၀)ပြည့်အထိမ်းအမှတ်မော်ကွန်းစာအုပ်တွင် မြို့တည်သမိုင်းကြောင်း အချက်အလက်များ ပြည့်စုံစွာ ပါရှိရေး၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ စက်မှုဇုန်များ၊ ပညာရေး၊ကျန်းမာရေး၊ ဘာသာရေးစသည့် မှတ်သားဖွယ် သိကောင်းစရာသတင်းအချက်အလက်များနှင့် မော်ကွန်းစာအုပ်ထုတ်ဝေဖြန့်ချိရေး ကဏ္ဍများကို ရွှေရတုအထိမ်းအမှတ်မော်ကွန်း စာအုပ်ထုတ်ဝေရေး ဦးစီးကော်မတီဥက္ကဋ္ဌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်က ညှိနှိုင်းဆွေးနွေးတင်ပြပြီး **(အောက်ယာပုံ)** လုပ်ငန်းကော်မတီဝင်များက အကြံပြုဆွေးနွေးကြသည်။

မြောက်ဥက္ကလာပမြို့နယ် သည် ၂၀၀၉ခုနှစ်တွင် မြို့တည်သက်တမ်းနှစ်(၅၀)တင်းတင်း ပြည့်မြောက်ပြီဖြစ်ရာ မြို့တည်သမိုင်းကြောင်း သတင်းအချက်အလက်များကို ကုန်းဘောင်ခေတ်မှသည် ယနေ့ကာလအထိ အထူးမှတ်တမ်းအဖြစ် ဖော်ပြသွားမည်ဖြစ်ရာ သမိုင်းဆိုင်ရာ အချက်အလက်များနှင့် ဓာတ်ပုံ အထောက်အထားများကို ပေးပို့ရန်နှင့် ခေတ္တငှားရမ်းအသုံးပြုနိုင်ရန်အတွက် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ရှိန်(မင်းကြော့ရှိန်) ဖုန်း-၆၉၀၀၅၆၊ ဒုတိယဥက္ကဋ္ဌ ဦးဟန်စိန်(တက္ကသိုလ်ဟန်စိန်) ဖုန်း-၀၉၅၀၃၃၉၅၁နှင့်အလုပ်အမှုဆောင် အဖွဲ့ဝင် ဦးဆန်းမြင့်မောင်(မောင်ဆန်းသစ်-ဘိုကလေး)ဖုန်း-၆၉၅၈၅၃ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ (၆၇)

မာဒေးကားဖလား သဲသောင်ပြင်ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ရန်ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၆

မလေးရှားနိုင်ငံ၌ ဩဂုတ် ၂၆ရက်မှ ၃၀ရက်အထိ ကျင်းပမည့် မာဒေးကားဖလား သဲသောင်ပြင်ဘောလုံးပြိုင်ပွဲတွင်ပါ ဝင်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် သဲသောင်ပြင်ဘောလုံးအသင်းသည် ဩဂုတ် ၂၄ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။(အောက်ပုံ)

မြန်မာ့လက်ရွေးစင် သဲသောင်ပြင်ဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးစိုးမြင့်လွင်၊ နည်းပြအဖြစ် ဦးအောင်ထွန်းထွန်း၊ ကစားသမားများအဖြစ် ခိုင်စိုးထွန်း-ဂိုး(စွမ်းအင်)၊ ရဝေဇင်-ဂိုး(ကမ္ဘောဇ)၊ တင်အောင်မိုး(လယ်/ဆည်)၊ သီဟ(လယ်/ဆည်)၊ အောင်သန်းဝင်း(ကမ္ဘောဇ)၊ ဝင်းမင်းထွဋ်(ပို့ဆောင်ရေး)၊ နေဇော်ထက်(ကမ္ဘောဇ)၊မျိုးလှိုင်ဦး(စီးပွား/ကူးသန်း)၊ ဉာဏလွင်(ကမ္ဘောဇ)နှင့်ထက်အောင်(ပို့ဆောင်ရေး) တို့ပါဝင်ကြသည်။

ယခုမာဒေးကားပြိုင်ပွဲမှာ မြန်မာ့လက်ရွေးစင် သဲသောင်ပြင်ဘောလုံးအသင်းအတွက် ပထမဦးဆုံး နိုင်ငံတကာ ပြိုင်ပွဲဖြစ်ကြောင်းသိရသည်။ ပြိုင်ပွဲတွင် အိမ်ရှင်မလေးရှားမှလွဲ၍ အသင်းကိုးသင်း ယှဉ်ပြိုင်ပြီး အုပ်စု(က)တွင် အိုမန်၊ တီမော၊အင်ဒိုနီးရှား၊ ဗီယက်နမ်၊ အုပ်စု(ခ)တွင် မြန်မာ၊ ထိုင်း၊ ဘရူနိုင်း၊ လာအိုနှင့် ဖိလစ်ပိုင် တို့ပါဝင်ကြသည်။ မြန်မာအသင်းသည်ပွဲဦးထွက်အဖြစ် ဩဂုတ် ၂၆ ရက်တွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ရာ ရှစ်ဂိုး-နှစ်ဂိုးဖြင့် ရှုံးသွားသည်။ ၁၂မိနစ် သုံးပိုင်းကစားရသော ယင်းပွဲတွင် မြန်မာအသင်းသည် ပထမပိုင်း ၅ မိနစ်နှင့် ဒုတိယပိုင်း ၆မိနစ်တို့တွင် သွင်းသော အောင်သန်းဝင်း၏ ဂိုးနှစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း တတိယပိုင်းတွင် ရှစ်ဂိုး ပြန်ပေးခဲ့ရသည်။

မြန်မာအသင်းသည် ဩဂုတ် ၂၇ရက်တွင် ဖိလစ်ပိုင်၊ ၂၈ရက်တွင် လာအို၊ ၂၉ရက်တွင် ဘရူနိုင်းတို့နှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။ အုပ်စုတစ်စုစီမှ နှစ်သင်းစီ အကြိုဗိုလ်လုပွဲ တက်ရောက်မည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲများကို ဩဂုတ် ၃၀ရက်တွင် ကျင်းပမည်ဖြစ်သည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၈-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"စိတ်ကောင်းချမ်းသာ"တရားတော် (အတွင်းတောင်ကိုးလုံးဆရာတော် ဘဒ္ဒန္တဇာဂရ)
၇း၅၀ - ၁း၅၀	Industrial Talk [ဒေါက်တာ မျိုးသန့်တင်၊ ဦးတင်အောင်ရွှေ(သုတေသီ)]
၈း၂၀ - ၂း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၅ - ၂း၄၅	Activities In The City (အမြင်သစ်စာပေ၏ စတုတ္ထအကြိမ်မြောက် အထူးရှားပါးစာအုပ်များပြပွဲ၊ရောင်းပွဲ)
၉း၀၀ - ၃း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀ - ၃း၁၀	တေးဂီတအစီအစဉ်
၉း၁၅ - ၃း၁၅	စိတ်၏ငြိမ်းအေးရာနေရာ
၉း၄၀ - ၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅ - ၃း၄၅	မှတ်သားလေ့လာပြတိုက်ခင်းကျင်းမှုပညာ
၉း၅၅ - ၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀ - ၄း၀၀	မိုးလေဝသခန့်မှန်းချက်
၁၀း၀၅ - ၄း၀၅	Diploma Guide (Travel Tourism & Hospitality Diploma အကြောင်းသိကောင်းစရာ)
၁၀း၄၅ - ၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀ - ၄း၅၀	သီးနှံစိုက်ပျိုးအထွက်တိုး "ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာသုံးစွဲနည်း"
၁၀း၅၅ - ၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅ - ၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀ - ၅း၁၀	ခေတ်မီပျားမွေးမြူရေးလုပ်ငန်း(ပျားနို့ထုတ်လုပ်ခြင်း)
၁၁း၃၀ - ၅း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅ - ၅း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀ - ၅း၄၀	လှပချစ်စရာ အိမ်တွင်းမှုပညာ
၁၂း၀၀ - ၆း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅ - ၆း၀၅	ခါးနာရောဂါအကြောင်းသိကောင်းစရာ(အပိုင်း-၂) (ပါမောက္ခဒေါက်တာနေဝင်း)
၁၂း၄၅ - ၆း၄၅	Myanmar Video Rhythm
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သစ်တောနဲ့ သစ်ပင်ချစ်ခင်တဲ့ လူမျိုး

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

အင်းစိန် အလက(၁) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၂ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်မြင့်က မြန်မာစာသင်ကြားမှု ထူးချွန်ဆုရ ဆရာမဒေါ်မိမိရီ(မိမိရီ-အင်းစိန်)အား ဆုတံဆိပ်နှင့် ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်စဉ်။(၆၁)

အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဩဂုတ်၂၃ရက်တွင် မိတ္ထီလာမြို့နယ် ညောင်ကားယားကျေးရွာရှိ တောင်သူလယ်သမားများအား တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်ရေးကိစ္စရပ်များ၊ ရေရရှိရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးသည် စက်မှုလယ်ယာဦးစီးဌာနမှထုတ်လုပ်သည့် စပါးခွံလောင်စာသုံး ဓာတ်ငွေ့ထုတ်စက် (GAS-IFIER)ဖြင့် တစ်လုံးထိုး အင်ဂျင်မြင်းကောင်ရေ(၁၅)အင်ဂျင်စက်အား မောင်းနှင်၍ ညပိုင်းလျှပ်စစ်မီးနှင့် ရေတင်အသုံးပြုမှုကိုကြည့်ရှုစစ်ဆေးသည်။

စပါးခွံလောင်စာသုံး ဓာတ်ငွေ့ထုတ်စက်ကို အသုံးပြုသဖြင့် ယခင်ကအင်ဂျင်စက်သုံးရာတွင် ၁၂နာရီကြာအသုံးပြုပါကဒီဇယ်ဆီနှစ်ဂါလန်အသုံးပြုခဲ့ရာမှ ဓာတ်ငွေ့ထုတ်စက်အသုံးပြုသောကြောင့်ဒီဇယ်ဆီဂါလန်ဝက်သာ သုံးရပြီး စပါးခွံကိုတစ်နာရီလျှင်၁၂ပြည်အသုံးပြုရသဖြင့်စက်သုံးဆီ အသုံးပြုရမှု ချွေတာနိုင်ပြီး ကုန်ကျစရိတ်လည်း သက်သာသဖြင့် စပါးခွံလောင်စာသုံးဓာတ်ငွေ့ထုတ်စက်ဖြင့် ပတ်ဝန်းကျင်ရှိ ကဖြူကျေးရွာ၊ ရွှေလုံကျေးရွာတို့တွင် လယ်ကွက်များ ရေတင်လုပ်ငန်းဆောင်ရွက်ရန် တောင်သူများက စီစဉ်ဆောင်ရွက်နေကြကြောင်း သိရှိရသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးသည် ရွှေလုံ၊ ညောင်အိုင်ဆက်သွယ်သည့် ကားလမ်းဘေးဝဲ/ယာတွင် ဇောင်ချမ်းကုန်းကျေးရွာတစ်ဝိုက်၌ မိတ္ထီလာမြောက်ကန်ရေပေးမြောင်းမှ ပေးလွှတ်သည့်ရေဖြင့် မိုးစပါးစိုက်ပျိုးရန် ထွန်ယက်ပျိုးနုတ်နေကြမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူးသည် ယင်းတော်ကျေးရွာတစ်ဝိုက်တွင် ယင်းတော်ကန်ရေဖြင့် မိုးစပါးစိုက်ပျိုးမှု စိုက်ပျိုးပြီးစပါးခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဖျဉ်ဇင်းကျေးရွာရှိ တောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို မှာကြားသည်။

ယင်းနောက် တောင်သူလယ်သမားများက ဒေသရှိ ရိုးကြီးဆည်နှင့် နတ်ကာကန်တို့ ရေပိုမိုသိုလှောင်ရရှိရေးတို့ကို ဆွေးနွေးတင်ပြကြရာ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး မိတ္ထီလာမြို့နယ် ညောင်ကားယားကျေးရွာ၌ စက်မှုလယ်ယာဦးစီးဌာနမှ ထုတ်လုပ်သည့် စပါးခွံလောင်စာသုံး ဓာတ်ငွေ့ထုတ်စက်ကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်/ဆည်)

အထွေထွေအတွင်းရေးမှူးက ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆည်ကန်ငယ်များ ပြုပြင်ရေး၊ မျိုးလဲလှယ် စိုက်ပျိုးရေး၊ ဒီဇယ်ဆီအသုံးပြုမှု လျှော့နည်းပြီး ကုန်ကျစရိတ် သက်သာသည့် စက်မှုလယ်ယာဦးစီးဌာနမှထုတ်လုပ်သည့် စပါးခွံလောင်စာသုံး ဓာတ်ငွေ့ထုတ်စက်ဖြင့် အင်ဂျင်စက်များ အသုံးပြုရေးတို့ကို မှာကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စွမ်းအင်ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး သာကေတကမ်းလွန် အခြေစိုက်စခန်းကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၆

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေးသည် ဩဂုတ် ၂၄ ရက်တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ သာကေတကမ်းလွန်အခြေစိုက်စခန်း၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရောက်ရှိလာသော ရေနံရှာဖွေရေးလုပ်ငန်းသုံး ဆိုက်စမစ်တိုင်းတာရေး ယန္တရားများနှင့် ရေနံတွင်း ပြင်ဆင်ရေးလုပ်ငန်းသုံး ယန္တရားများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပဲခူးမြစ်အတွင်း ရေယာဉ်များ ဆယ်ယူနေမှုနှင့် အလုပ်ရုံတွင် ယန္တရားများ ပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သာကေတမြို့နယ်ရှိ သဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ်(၀၂၂) (သာကေတ-၂)၌ မော်တော်ယာဉ်များ သဘာဝဓာတ်ငွေ့ဖြည့်တင်းနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ သာကေတကမ်းလွန်အခြေစိုက်စခန်း၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရောက်ရှိလာသော ရေနံရှာဖွေရေးလုပ်ငန်းသုံး ဆိုက်စမစ်တိုင်းတာရေးယန္တရားများနှင့် ရေနံတွင်း ပြင်ဆင်ရေးလုပ်ငန်းသုံးယန္တရားများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

သံလွင်မြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၂၆

သံလွင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန်၁၁နာရီခွဲတိုင်းထွာချက်အရ ဘားအံမြို့တွင် ၈၂၅ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၇၅ စင်တီမီတာ (၂ဒသမ ၅ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိမည်ဟုခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဩဂုတ် ၂၆

"မြန်မာ-ကူဝိတ် ဆက်ဆံရေးမှသည် အရှေ့အလယ်ပိုင်းဆီသို့. . ." အကြောင်းနှင့်ပတ်သက်ပြီး ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ သုံးသပ်ချက်များ၊ "လယ်ယာပါဝါသည် တတိယလှိုင်းပြီးနောက် ထွက်ပေါ်လာမည့် စတုတ္ထလှိုင်းလော" အင်အားကြီး လယ်ယာပါဝါနိုင်ငံအဖြစ်သို့ မြန်မာနိုင်ငံရောက်ရှိလာဖွယ်ရှိကြောင်း သုံးသပ်ချက်များ၊ ကုလထွေချုပ်၏ အကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီ၏ မြန်မာနိုင်ငံခရီးစဉ်များ အပါအဝင် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ်(၃၃)ထွက်ရှိလာသည်။

ထို့အပြင် ကုလထွေချုပ်၏ အကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံရန် နှစ်ကြိမ်တိုင် ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့၊ စက်သုံးဆီများကို FEC ပေါက်ဈေးဖြင့် မည်သည့်ဆိုင်တွင်မဆို လွတ်လပ်စွာဝယ်ယူနိုင်၊ သယ်န်းကျွန်း နှစ်လောင်းပြိုင်လူသတ်တရားခံ နောက်ထပ်တစ်ဦးကို ဖမ်းဆီးရမိ၊ ဂျပန်တွင်ကျင်းပသည့် ကိုးကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အခြေခံပညာအထက်တန်းဆင့် ပန်းချီပြိုင်ပွဲတွင် မြန်မာရွေးချယ်ခံရ၊ ရန်ကုန်-ပုသိမ်လမ်းပိုင်း အေးရှားဝေါလ်နှင့် ပြည်သူ့ဆောက်လုပ်ရေးပူးပေါင်းပြုပြင်၊ မြန်မာနယ်စပ်တွင် ကန်ထရိုက်စနစ် စိုက်ပျိုးရေးလုပ်ရန် ထိုင်းကစီစဉ်၊ မိုး/ဇလသတင်းအချက်အလက်များ SMS စနစ်အသုံးပြုမေးမြန်းနိုင်၊ ဒီဇိုင်းအမျိုးပေါင်း ၆၀ ထုတ်နိုင်သည့် မြန်မာ့ပထမဆုံး ဖိုက်ဘာဘုတ်မို ရေကြောင်းပညာတက္ကသိုလ်က တီထွင်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "အနုပညာနှင့်တီထွင်ဖန်တီးမှု"အကြောင်း စသည့် ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာသတင်းများ ပါရှိသည်။

အငှားကိုယ်ဝန်ဆောင်ချင်သူများ စင်ကာပူက အလိုရှိသည်၊ ကမ္ဘာ့ဈေးအကြီးဆုံးစံအိမ်ကြီး ရုရှားသူဌေးကြီးကဝယ်၊ အိုလံပစ်ဖွင့်ပွဲအတွက် ဇာတ်တိုက်ရာတွင် ဒဏ်ရာရသွားသည့် ကချေသည်၏ ရောဂါအခြေအနေ၊ မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ "ပြောရဦးမယ် သူတို့ကဒီလိုတဲ့" ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေး၊နည်းပညာကဏ္ဍစုံလင်စွာပါရှိသည်။

(သတင်းစဉ်)

TOYO Battery အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုညှော်ခံပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

Proven Technology Industry Co., Ltd. (TOYO Battery) မှ မြန်မာတစ်နိုင်ငံလုံး ရောင်းအားအကောင်းဆုံးဆု ပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲကိုဩဂုတ် ၂၃ရက် ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီး ဥယျာဉ်ကမ္ဘာ Western Park Royal စားသောက်ဆိုင်၌ ကျင်းပသည်။

အခမ်းအနားတွင် Managing Director ဦးအုန်းလွင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာတစ်နိုင်ငံလုံး ရောင်းအားအကောင်းဆုံးဆုရပါဝါ ဦးသန်းထွန်း (တမူးမြို့)၊ ဦးမြင့်လွင်(ရန်ကုန်မြို့)၊ ဦးကံညွန့် (အင်းဝဘရားသားကုမ္ပဏီလီမိတက် တမူးမြို့)၊ အောင်ကျော်သိန်း (ပုသိမ်မြို့)၊ ဦးထွန်းထွန်း (တောင်ကြီးမြို့)၊ ကိုထွန်းဝင်း (အိုလံပစ် ဘက်ထရီ ရောင်းဝယ်ရေး ရန်ကုန်မြို့)၊ လွင်ဘက်ထရီနှင့် ပလိတ်ပြားရောင်းဝယ်ရေး (ရန်ကုန်မြို့)၊ နေမျိုးလျှပ်စစ် (မောင်ခိုင်လမ်း ရန်ကုန်မြို့)၊ နေဦးစတိုး(တမူးမြို့) တို့အား ဆုများပေးအပ်သည်။

ဆက်လက်၍ Chief Operating Officer/Executive Director ဦးသန်းထိုက်လွင်က အပိုဆောင်းဆုအဖြစ် ပါဝါဦးသန်းထွန်း (တမူးမြို့) အား အဝတ်လျှော်စက်၊ ဦးမြင့်လွင် (ရန်ကုန်မြို့)(၄)ကြိမ်ဆက်တိုက်ဆုကို ကိုယ်စား သမီးဖြစ်သူ မစန်းစန္ဒာလွင် MD-ML Trading Co., Ltd. အား ရေခဲသေတ္တာချီးမြှင့်သည်။

TOYO Battery သည် N-20, N-40ZL, N-50ZL, N-70L, N-70ZL, N-100, N-120, N-150, N-200 အပြင် ဝေါက်ကွင်းကား၊ မီးရထားစက်ခေါင်းနှင့် မီးရထားတွဲ၊ ဆက်သွယ်ရေးဝန်ကြီးဌာနသုံး Stand by Battery နှင့် ဝန်ချီစက်သုံးအဖြစ်ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။

TOYO Battery သည် ISO 9001-2000 (Quality Management System) လက်မှတ်ရထားပြီး ဂျပန်နည်းပညာ စံချိန်စံညွှန်းနှင့် ထုတ်လုပ်ထား၍ အရည်အသွေးနှင့် ဈေးနှုန်းတွင် စိတ်ချရသည်။ စက်မှုနှင့် အရန်စွမ်းအားသုံး Tubular Battery အမျိုးအစားကို စမ်းသပ်ထုတ်လုပ်နေပြီး ဈေးကွက်သို့ ရောင်းချမည်ဖြစ်သည်။

TOYO Batteryမှ မော်တော်ကားများ(၁)နှစ်၊အင်ဗာတာ(၆)လ အာမခံပေးပြီး ထုတ်လုပ်မှုအရ ချွတ်ယွင်းချက်ဖြစ်ပါက ကုမ္ပဏီမှ တာဝန်ယူ၍ သုံးစွဲသူများနစ်နာမှုမရှိစေရန် ဆောင်ရွက်ပေးသွားမည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဘက်ထရီနှင့်လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များနှင့် ရန်ကုန်ရုံးချုပ် F/S (14) ရွှေစံပယ်ရိပ်မွန်ရေကြောင်းသိပ္ပံရှေ့ ဘုရင့်နောင်လမ်းမကြီး ကမာရွတ်မြို့နယ်ရန်ကုန်မြို့ ဖုန်း - ၅၂၇၆၆၇၊ ၇၀၁၇၁၉၊ ၇၀၁၇၂၀နှင့်မန္တလေးမြို့တွင် အမှတ်(၁၁၃) (၈၄)လမ်း (၂၉လမ်းနှင့်လမ်း ၃၀ ကြား) ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၂၂၄၈ တို့တွင် ဆက်သွယ်နိုင်သည်။

ပြည်တွင်းထုတ် နိုင်ငံတကာအရည်အသွေးမီ TOYO Battery များအား မြန်မာနိုင်ငံ တစ်ဝန်းရှိ သုံးစွဲသူများထံသို့ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိရောင်းချနေပြီး သုံးစွဲသူများ နှစ်ခြိုက်စွာ လက်ခံအားပေးလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

TOYO Battery မှ မြန်မာတစ်နိုင်ငံလုံး ရောင်းအားအကောင်းဆုံးဆု ပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲတွင် Chief Operating Officer Executive Director ဦးသန်းထိုက်လွင်က မစန်းစန္ဒာလွင်အား ရေခဲသေတ္တာ ချီးမြှင့်စဉ်။ (သတင်းစဉ်)

လူကုန်ကူးမှုကို အမျိုးသားရေးတာဝန်အဖြစ် တားဆီးကာကွယ် တိုက်ဖျက်

ဦးသန်းစော(ဥပဒေ)

ယနေ့ကမ္ဘာနှင့်အဝန်း ရင်ဆိုင်နေရသည့် ပြဿနာသုံးရပ်မှာ အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးဆိုင်ရာပြစ်မှုနှင့် လူကုန်ကူးမှုတို့ဖြစ်သည်။ လူကုန်ကူးမှုသည် ယခုခေတ်၏ အဆိုးရွားဆုံးသော လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်၍ နိုင်ငံတကာမှ ပူးပေါင်းတိုက်ဖျက်ကြရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က တိုက်တွန်းထားသည်။ နှစ်စဉ်လူဦးရေ တစ်သန်းမှ နှစ်သန်းအထိ လူကုန်ကူးခံရပြီး တစ်ကမ္ဘာလုံးတွင် လူကုန်ကူးခံရသူပေါင်း သန်း ၃၀ ခန့် ရှိသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူပြီး နိုင်ငံတကာနှင့် ပူးပေါင်း တိုက်ဖျက်လျက်ရှိသည်။ ထို့အပြင် ယင်းပြဿနာကို ဘက်စုံ၊ ထောင့်စုံမှ ကာကွယ်တားဆီးနိုင်ရန် ကြိုတင်ကာကွယ်ရေး၊ အကာအကွယ်ပေးရေးနှင့် ဥပဒေအရအရေးယူရေးလုပ်ငန်းများပါဝင်သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေတစ်ရပ်ကို ရေးဆွဲရာတွင် မိမိနိုင်ငံမှ ဥပဒေပညာရှင်များ၊ အာဆီယံအဖွဲ့အစည်းမှ ဥပဒေပညာရှင်များနှင့် နိုင်ငံခြားမှ ဥပဒေပညာရှင်များ ပူးပေါင်းပါဝင်ဆွေးနွေးပြီး ရေးဆွဲထားသဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် ကိုက်ညီသည့်အပြင် ခေတ်စနစ်နှင့်လည်း လျော်ကန်သင့်မြတ်သည့် ဥပဒေတစ်ရပ်ဖြစ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ၁၃-၉-၂၀၀၅ရက်တွင် ပြဋ္ဌာန်းခဲ့ရာ အဆိုပါဥပဒေတွင် အခန်း(၁)အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) ရည်ရွယ်ချက်များ၊ အခန်း(၃) ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အခန်း(၄) လုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ အခန်း(၅) လူကုန်ကူးခံရသူ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်း၊ အခန်း(၆) လူကုန်ကူးခံရသူ အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား အထူးကာကွယ်စောင့်ရှောက်ခြင်း၊ အခန်း(၇) လူကုန်ကူးခြင်းခံရသူများကို ပြန်လည်လက်ခံခြင်း၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း၊ အခန်း (၈) ရန်ပုံငွေထူထောင်ခြင်း၊ အခန်း(၉) ပြစ်မှုနှင့်ပြစ်ဒဏ်များနှင့် အခန်း(၁၀)အထွေထွေတို့ပါရှိကြသည်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၄တွင် ယင်းဥပဒေ၏ ရည်ရွယ်ချက်များကို အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

(က) မြန်မာလူမျိုးတို့၏ တန်ဖိုးထားစောင့်ရှောက်အပ်သော အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိခိုက်ပျက်ပြားစေသည့် လူကုန်ကူးမှုများအား အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် တားဆီးကာကွယ်နှိမ်နင်းရန်၊

(ခ) လူကုန်ကူးမှုများကို တားဆီးကာကွယ်ရာတွင် အထူးသဖြင့် အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအတွက် အလေးဂရုပြု၍ ကာကွယ်စောင့်ရှောက်ရန်၊

(ဂ) လူကုန်ကူးမှုကို ကျူးလွန်သူများအား ထိရောက်မြန်ဆန်စွာ စုံစမ်းဖော်ထုတ်အရေးယူနိုင်ရန်နှင့် ဥပဒေနှင့်အညီ ပြင်းထန်ထိရောက်သည့်ပြစ်ဒဏ်များ ချမှတ်ခြင်းဖြင့် လူကုန်ကူးမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် တားဆီးကာကွယ်ရန်၊

(ဃ) လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံက လက်ခံထားသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရအချင်းချင်း၊ အစိုးရအဖွဲ့အစည်းအချင်းချင်း ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ် ညှိနှိုင်းဆောင်ရွက်ရန်၊

(င) လူကုန်ကူးခံရသူများကို ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ကာကွယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ရန်။

ဗဟိုအဖွဲ့သည် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေး လုပ်ငန်းအဖွဲ့ကို ပုဒ်မ၇(က)အရ ဖွဲ့စည်းထားသည်။ ယင်းလုပ်ငန်းအဖွဲ့သည် ပုဒ်မ ၈ နှင့် လျော်ညီစွာကြိုတင်တားဆီးရေးနှင့် စပ်လျဉ်း၍ လူကုန်ကူးမှုအန္တရာယ်နှင့် နောက်ဆက်တွဲ ဆိုးကျိုးများကို အများပြည်သူသို့ အသိပညာပေးခြင်း၊ အထူးလေ့ကျင့်ထားသည့်တပ်ဖွဲ့များ ထူထောင်နိုင်ရန်ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်သည်။

ထို့အပြင် အစီအစဉ်များချမှတ်ပြီး ပြည်တွင်း၊ ပြည်ပကွန်ရက် ထူထောင်ဆက်သွယ်ဆောင်ရွက်ခြင်း၊ သတင်းဖလှယ်ခြင်း၊ ပြည်နယ်နှင့်တိုင်း၊ ခရိုင်နှင့်မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ အဆင့်ဆင့်နှင့်ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်းများ ပြုလုပ်သည်သာမက အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံများအကြား သဘောတူညီချက်တို့ချုပ်ဆိုရေးအတွက် ဗဟိုအဖွဲ့သို့ ထောက်ခံတင်ပြဆောင်ရွက်ရသည်။ ထိုသို့ဆောင်ရွက်မှုတို့ကြောင့် ဝိသမလောဘသမားများ၏ ဖြားယောင်းသွေးဆောင်ခြင်းခံရသူများအား အချိန်မီကယ်တင်ပြီး မိဘအုပ်ထိန်းသူထံသို့ ပို့ဆောင်ပေးခဲ့သည်မှာ မနည်းလှပါချေ။

မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ သဘာဝ ပကတိအခြေအနေသည် အိမ်နီးချင်းနိုင်ငံများသို့ သွားလာရန်လွယ်ကူသော အနေအထားတွင်ရှိသည်။ သတင်းမှန်မသိရှိခြင်း၊ ယုံလွယ်ခြင်း၊ မိသားစုအား ထောက်ပံ့ရန်လိုအပ်ခြင်း၊ မိမိ၏အလုပ်အကိုင်တွင် စိတ်ဝင်စားမှုနည်းပါးခြင်း၊ စူးစမ်းစမ်းသပ်လိုခြင်း၊ မိသားစုပြဿနာရှိခြင်းနှင့် အကြွေးတင်ခြင်းစသည့် အကြောင်းရင်းများကြောင့် တစ်ဖက်နိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်လိုကြသည်။

ဤသည်ကို အခွင့်ကောင်းယူ အမြတ်ထုတ်လိုသော ဝိသမလောဘသမားတို့က တစ်ဖက်နိုင်ငံရှိ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများ၊ အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်း၊ ဥယျာဉ်စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းကောင်းရမည်။ ဝင်ငွေပိုမိုရရှိမည်ဟု မက်လုံးပေးလိမ်လည်စည်းရုံးကာ လူကုန်ကူးမှုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ကြသည်ကိုတွေ့ရသည်။ ထို့ကြောင့် ယင်းလုပ်ငန်းရပ်ကို တားဆီးကာကွယ်ရန် ကော့သောင်းလမ်းကြောင်း၊ မြဝတီလမ်းကြောင်း၊ တာချီလိတ်လမ်းကြောင်း၊ လွယ်ဂျယ်လမ်းကြောင်း၊ မူဆယ်လမ်းကြောင်း၊ တမူးလမ်းကြောင်းနှင့် အခြားလမ်းကြောင်းများတွင် အလေးပေးအရေးယူဆောင်ရွက်လျက်ရှိသည်။ လူကုန်ကူးခြင်းခံရသူများမှာ စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ခအနည်းငယ်ဖြင့် ပင်ပန်းစွာလုပ်ကိုင်ကြရသည်။ လုပ်အားခေါင်းပုံဖြတ်ခံကြရသည်။ အထူးသဖြင့် ကလေးသူငယ်များသည် တောင်းရမ်းငွေရှာခိုင်းခြင်းခံကြရသည်။ ခန္ဓာကိုယ်မှ အစိတ်အပိုင်းများကို ထုတ်ယူအသုံးချခြင်းခံကြရသည်။ အမျိုးသမီးတို့မှာ Sexual Factory များတွင်အသုံးချခြင်းခံကြရသည်။ ထိုသူတို့မှာ ကိုယ်ခန္ဓာ ချို့တဲ့သည့်ဘဝသို့ ရောက်ရှိခြင်း၊ HIV,AIDS ရောဂါစွဲကပ်ခြင်းဖြင့် ဘဝအနိဋ္ဌာရုံများ လွှမ်းမိုးပြီး လူမဆန်စွာ ထိခိုက်ပျက်စီးကြရပေသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၇(ဂ)အရ ဗဟိုအဖွဲ့သည် လူကုန်ကူးခြင်းခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားသည်။ ယင်းအဖွဲ့၏လုပ်ငန်းတာဝန်ကိုပုဒ်မ ၁၀တွင် ပြဋ္ဌာန်းထားသည်။ အဆိုပါအဖွဲ့၏ လုပ်ငန်းတာဝန်များအရ လူကုန်ကူးခြင်းခံရသူများအား မြဝတီနှင့်မူဆယ်တို့ရှိ လက်ခံရေးစခန်းများတွင် ပြန်လည်လက်ခံသည်။ သက်ဆိုင်ရာမိသားစု၏ အခြေအနေကိုစုံစမ်းမှုများပြုလုပ်ပြီး ဇာတိနေရပ်သို့ပြန်ပို့သည်။ ထို့အပြင် ၎င်းတို့၏ သဘောတူညီချက်ဖြင့် ဆေးစစ်မှုပြုလုပ်သည်။

၎င်းတို့မှာ ဘဝတွင် အားငယ်နေရသူများဖြစ်သဖြင့် နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ အခြားလိုအပ်သော ကူညီထောက်ပံ့ပေးခြင်းအတွက် အစိုးရအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့ချုပ် စသည်တို့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ရေးအတွက် ပညာရေးနှင့်ကျွမ်းကျင်မှုအခြေခံသော အသက်မွေးဝမ်းကျောင်း ပညာရရှိရေး၊ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးအတွက် စီမံချက်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လူကုန်ကူးမှုပြစ်မှုကျူးလွန်သူတို့မှာ ယခုအခါ ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် ပုံစံတကျ ကြိုတင်ဖွဲ့စည်းပြီး ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စု(Trafficked Victim)ဖြင့် ကျူးလွန်လာကြသည်။ ထိုသို့ ကျူးလွန်သူတို့မှာ နိုင်ငံတစ်ခုတွင် ကျူးလွန်ထားသော ပြစ်မှု၏ အရေးကြီးသော အစိတ်အပိုင်းများကို အခြားနိုင်ငံတစ်ခုတွင် ပြင်ဆင်ခြင်း၊ စီမံခြင်း ပြုလုပ်ပြီး ကျူးလွန်လေ့ရှိကြသည်။ ထို့ကြောင့် လူကုန်ကူးမှုများကို စုံစမ်းဖော်ထုတ်ရာတွင် လိုအပ်ပါက ပြည်ပနိုင်ငံများနှင့်ပါ ဆက်သွယ်ဆောင်ရွက်ကြသည်။ ဖမ်းဆီးရမိသည့် ကျူးလွန်သူများကိုလည်း အမြင့်ဆုံးပြစ်ဒဏ်ဖြစ်သည့် ထောင်ဒဏ်တစ်သက်ချမှတ်ခြင်း အပါအဝင် ပြင်းထန်ထိရောက်သည့် ပြစ်ဒဏ်ချမှတ်၍ ထပ်မံမဖြစ်ပွားစေရန် တိုက်ဖျက်လျက်ရှိသည်။

အမျိုးသမီးများ၊ ကလေးသူငယ်နှင့်လူငယ်များအား လူကုန်ကူးမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်အထိ ချမှတ်ရမည်ဖြစ်ကြောင်း ပုဒ်မ ၂၄ တွင် ပြဋ္ဌာန်းထားပြီး ၎င်းတို့မှအပ အခြားသူတစ်ဦးဦးအား ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးထောင်ဒဏ် ၄င်းနှစ်မှ အများဆုံးထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။

အမျိုးသမီးများ၊ ကလေးသူငယ်နှင့်လူငယ်တို့အား ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စုဖြင့် ကျူးလွန်လျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ် အနှစ် ၂၀ မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ချမှတ်နိုင်ကြောင်း၊ ပုဒ်မ ၂၈(က)တွင် ပြဋ္ဌာန်းထားပြီး ပုဒ်မ ၂၅၊၂၆ သို့မဟုတ် ၂၇ ပါ လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့အုပ်စုဖြင့်ကျူးလွန်လျှင် ထိုသူအား အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်မှ အများဆုံးထောင်ဒဏ် တစ်သက်အထိ ချနိုင်ကြောင်း ပုဒ်မ ၂၈(ခ)တွင် ပြဋ္ဌာန်းထားပါသည်။

ထို့အပြင် ပြည်သူ့ဝန်ထမ်းတစ်ဦးဦးသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း၊ စစ်ဆေးစီရင်ခြင်းပြုရာတွင် ငွေကြေးနှင့်ပစ္စည်း တစ်စုံတစ်ရာကို လက်ခံရယူလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ်သုံးနှစ်မှ အများဆုံး ထောင်ဒဏ်ခုနစ်နှစ်အထိ ချမှတ်ရမည်ဖြစ်ကြောင်း ပုဒ်မ ၃၀ တွင် ပြဋ္ဌာန်းထားသည်။ ဖော်ပြပါ ပုဒ်မတို့တွင် ပါရှိသည့် ထောင်ဒဏ်များအပြင် ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရသည်။

အဆိုပါ ဥပဒေတွင် ပြဋ္ဌာန်းထားသော ကြီးလေးသော ပြစ်မှုဆိုသည်မှာ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ထောင်ဒဏ် လေးနှစ်နှင့် အထက် ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုကိုဆိုကြောင်း ပုဒ်မ ၃(င)တွင် အဓိပ္ပာယ်ဖော်ပြထားသည်။ လူကုန်ကူးမှု ကျူးလွန်ရာတွင် ၎င်းကြီးလေးသော ပြစ်မှုကိုလည်း ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်ဖြစ်ကြောင်း ပုဒ်မ ၂၉ တွင် ပြဋ္ဌာန်းထားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းပြီး လူကုန်ကူးမှု ခံရသူတို့အား အကာအကွယ်ပေးလျက်ရှိသည်။ ယင်းပြစ်မှုကျူးလွန်သူတို့အားလည်း ဥပဒေနှင့်လျော်ညီစွာ ပြင်းထန်ထိရောက်သော ပြစ်ဒဏ်များချမှတ်၍ တားဆီးတိုက်ဖျက်လျက်ရှိသည်။ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ အာဆီယံအဖွဲ့အစည်းများနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်အပြင် ရုရှား၊ ဗီယက်နမ်တို့နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ လူကုန်ကူးမှုအား အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တားဆီးနှိမ်နင်းတိုက်ဖျက်ရာတွင် အများပြည်သူတို့ကလည်း ပြဋ္ဌာန်းဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းလက်တွဲ၍တားဆီးကာကွယ်တိုက်ဖျက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေကို ပြဋ္ဌာန်းပြီး လူကုန်ကူးမှုခံရသူတို့အား အကာအကွယ်ပေးလျက်ရှိသည်။ ယင်းပြစ်မှုကျူးလွန်သူတို့အားလည်း ဥပဒေနှင့်လျော်ညီစွာ ပြင်းထန်ထိရောက်သော ပြစ်ဒဏ်များချမှတ်၍ တားဆီးတိုက်ဖျက်လျက်ရှိသည်။ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ အာဆီယံအဖွဲ့အစည်းများနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်အပြင် ရုရှား၊ ဗီယက်နမ်တို့နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး မျိုးကောင်းမျိုးသန့်များ ပြောင်းလဲ၍ စိုက်နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးရန် မှာကြား

နေပြည်တော် ဩဂုတ် ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၃ ရက် နံနက်တွင် ညောင်ဦးမြို့နယ် ဝက်ကြီးအင်းကျေးရွာ မြသိန်းတန်စေတီတော်မြတ်အနီးရှိမဏ္ဍပ်၌ ရပ်မိ၊ ရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် ဝက်ကြီးအင်းကျေးရွာရှိ အမှတ်(၁၉) အခြေခံပညာ မူလတန်းလွန်ကျောင်းရှိ စာသင်ခန်းများနှင့် ကျောင်းဝင်းအတွင်း သန့်ရှင်းသပ်ရပ်သာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလှည့်လည်ကြည့်ရှု စစ်ဆေးသည်။ ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မဟာရာဇသီရိ အနိရုဒ္ဓဒေဝ အနော်ရထာမင်းတရား ကြီး၏ အရိမဒ္ဒနပူရပုဂံရွှေနန်းတော်သို့ရောက်ရှိကြပြီး ပုဂံရွှေနန်းတော်ကြီးအတွင်း လှည့်လည်ကြည့်ရှုကာ ယခင်ပုဂံရွှေနန်းတော်ကြီး၏ နန်းတော်ရာ တူးဖော်သုတေသန ပြုစုထားသည့် အခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပုဂံညောင်ဦးမြို့နယ်လောကနန္ဒာလျှပ်စစ်မြစ်ရေတင် စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန မန္တလေးတိုင်း ဒုတိယညွှန်ကြားရေးမှူးဦးဝင်းဆန်းကလောကနန္ဒာလျှပ်စစ် မြစ်ရေတင်စီမံကိန်းမှ လျှပ်စစ်ဓာတ်အားသုံး၍ စိုက်ပျိုးရေရရှိရေးဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လောကနန္ဒာ မြစ်ရေတင်စီမံကိန်း၊ ပင်မရေတင်စက်ရုံနှင့် ပင်မရေငြိမ်ကန်မှ စိုက်ပျိုးရေပေးဝေနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လောကနန္ဒာ လျှပ်စစ်မြစ်ရေတင် စီမံကိန်း ရေလွှတ်မြောင်း လက်တံတစ်လျှောက် ဖြစ်ထွန်းအောင်မြင်လျက်ရှိသော စပါးစိုက်ကွင်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တောင်သူများအား တွေ့ဆုံကာ စပါးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးရေးကို မှာကြားသည်။ ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ညောင်ဦးမြို့အနော်ရထာခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ရပ်မိ၊ ရပ်ဖများနှင့် တွေ့ဆုံရာ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများက ညောင်ဦးခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်က ညောင်ဦးခရိုင်အတွင်း လျှပ်စစ်မြစ်ရေတင် စီမံကိန်း ငါးခု တည်ဆောက်ပေးထားရာ ဒေသခံတောင်သူများ အနေဖြင့်လည်း မိရိုးဖလာ ယာလုပ်ငန်းမှ လယ်လုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်ရန်လိုကြောင်း၊ အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များကို ပြောင်းလဲ၍ စိုက်နည်းစနစ် မှန်ကန်စွာဖြင့် စိုက်ပျိုးရန်လိုကြောင်း၊ ညောင်ဦးခရိုင်အနေဖြင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ များပြားစွာ လာရောက်နေ၍ ဒေသဖွံ့ဖြိုးရေးနှင့် မြို့ရွာ သန့်ရှင်းသာယာလှပရေးတို့ကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြရန် လိုကြောင်း မှာကြားသည်။ ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် ညောင်ဦးတပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေက မိသားစုဝင်များအား အဝတ်အထည်များကို ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်သည် ညောင်ဦးမြို့နယ် ညောင်ထိုကျေးရွာအနီးရှိ မြကန်ရေလှောင်တမံသို့ရောက်ရှိပြီး မြကန်ရေလှောင်တမံ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုနှင့် ရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ညောင်ဦးမြို့နယ် ကျောက်ကူး လျှပ်စစ်မြစ်ရေတင် လုပ်ငန်းသို့ ရောက်ရှိပြီး ပင်မရေတင်စက်ရုံမှ ရေစုပ်တင်နေမှုနှင့် ရေငြိမ်ကန်မှတစ်ဆင့်ပင်မမြောင်းတစ်လျှောက် စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သူကောင်းတည် လျှပ်စစ်မြစ်ရေတင် လုပ်ငန်းသို့ သွားရောက်၍ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ဧရိယာအတွင်း မိုးစပါး ၄၃၈ ဧက စိုက်ပျိုးပြီးစီးမှုနှင့် စိုက်ပျိုးရေပေးဝေနိုင်မှု၊ ပင်မရေတင်စခန်းမှ မြောင်းလက်တံတစ်လျှောက် ရေပို့လွှတ်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။ ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည်လက်ပံခြေပေါ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း လမ်းဘေးဝဲယာတစ်လျှောက်ရှိ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စပါးစိုက်ခင်းများနှင့် လက်ပံခြေပေါ် လျှပ်စစ်မြစ်ရေတင် လုပ်ငန်းဆောင်ရွက်နေမှု၊ မိုးစပါး စိုက်ပျိုးပြီးစီးမှုနှင့် စိုက်ပျိုးရေဖြန့်ဝေပေးနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးဗိုလ်ချုပ်အုန်းမြင့်က မြစ်ရေတင်ဧရိယာအတွင်းရှိ ဒေသနှင့်ကိုက်ညီသည့် သက်နုမျိုးစပါးများကို ပြောင်းလဲစိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်း ကျော်လွန်ရရှိအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ညောင်ဦးခရိုင်အနေဖြင့် လျှပ်စစ်မြစ်ရေတင်စီမံကိန်း ငါးခုရှိရာ စိုက်ပျိုးရေပေးဝေနိုင်မှု စုစုပေါင်း အကျိုးပြု ဧရိယာမှာ ဧက ၂၉၇၀၀ ဖြစ်ကြောင်း သိရှိရသည်။ ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မြင်းခြံမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် မဟာရာဇသီရိ အနိရုဒ္ဓဒေဝ အနော်ရထာ မင်းတရားကြီး၏ အရိမဒ္ဒနာပူရ ပုဂံရွှေနန်းတော်ကြီးကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

သူတို့ ဤသို့ တီထွင်ခဲ့ကြသည်

နိုင်ငံတကာမှ သိပ္ပံပညာရှင်များ၊ သုတေသီများ၊ ပညာရှင်များကလူသားတို့အတွက် ဆေးဝါး၊အစားအစာနှင့်အသုံးအဆောင်ပစ္စည်းအသီးသီးတို့ကိုနှစ်ရှည်လများစမ်းသပ်သုတေသနပြုကာ လူသားအကျိုးပြုပစ္စည်းများအဖြစ် တီထွင်ဖန်တီးခဲ့သည်။ အဆိုပါ ပညာရှင်များ တီထွင်ဖန်တီးထုတ်လုပ်ခဲ့သည့် ပစ္စည်းများ၊ တီထွင်ထုတ်လုပ်သည့် ခုနှစ်နှင့်ပညာရှင်များ၏အမည်တို့ကို အလျဉ်းသင့်သလို ဖော်ပြသွားမည်ဖြစ်ပါသည်။

စဉ်	တီထွင်သည့်ပစ္စည်း	တီထွင်သည့်ခုနှစ်	တီထွင်သူ	နိုင်ငံသား
၁	နားကျပ်	၁၈၁၉	Laenner	ပြင်သစ်
၂	အားပြန်သွင်းနိုင်သည့်ဘက်ထရီ	၁၈၅၉	Plante	ပြင်သစ်
၃	လျှပ်စစ်မီးဖို	၁၈၉၆	Hadaway	အမေရိကန်
၄	ရေငုပ်သင်္ဘော	၁၈၉၁	Holland	အမေရိကန်
၅	အီလက်ထရွန်နစ်သံစုံတူရိယာ	၁၉၆၄	Moog	အမေရိကန်
၆	တင့်ကား	၁၉၁၄	Swinton	အင်္ဂလိပ်
၇	အပူခံပလတ်စတစ်	၁၉၃၈	Du Pont	အမေရိကန်
၈	တယ်လီဖုန်း	၁၈၇၆	Bell	အမေရိကန် - စကော့တလန်
၉	အော်တိုတယ်လီဖုန်း	၁၈၉၁	Strowger	အမေရိကန်
၁၀	ဆယ်လူလာဖုန်း	၁၉၄၇	Bell Labs	အမေရိကန်

ချင်းတွင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

မုံရွာ ဩဂုတ် ၂၆

ချင်းတွင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၆ ရက်က မုံရွာမြို့ ကျောက်ဆောင်ဆိပ်ကမ်း၌ ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဇနီး ဒေါ်ခင်မြဦး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းနှင့် ဇနီး ဒေါ်အေးအေး၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ငါးလုပ်ငန်းဦးစီးမှူး ဦးအောင်အောင်က ငါးမျိုးစိုက်ထည့်ခြင်းအကြောင်း ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဇနီး၊ တာဝန်ရှိသူများက ချင်းတွင်းမြစ်အတွင်း စုပေါင်းငါးမျိုး စိုက်ထည့်ပေးကြသည်။

ချင်းတွင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားတွင် ငါးမြစ်ချင်း၊ ငါးသန်ခြောက်သိန်း၊ ငါးမှုန် ၇၅ သိန်း စုစုပေါင်း ၈၁ သိန်း ငါးမျိုးများ စိုက်ထည့်ခဲ့ကြောင်း သတင်းရရှိသည်။ **(ခရိုင်ပြန်/ဆက်)**

ကမမောင်းမြို့၌ မိုးစပါးထွန်တုံးပိတ် မိုးစပါး ၁၁၁၉၄ ဧက စိုက်ပျိုးပြီးစီး

ကမမောင်း ဩဂုတ် ၂၀

ကမမောင်းမြို့ မိုးစပါးစံပြစိုက်ခင်း ထွန်တုံးပိတ် စုပေါင်းစိုက်ပျိုးပွဲကို ဇူလိုင် ၂၈ရက်က ကမမောင်းမြို့အဝင် မိုးစပါးစံပြစိုက်ခင်း ဦးယာပေါ့၏ လယ်ကွက်၌ကျင်းပရာ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးကျော်သူရအေး၊ ကမမောင်းမြို့ အုပ်ချုပ်ရေးမှူး ဦးဆန်းနက်၊ စိုက်ပျိုးရေးမန်နေဂျာ ဦးဆင်ဇခုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့တို့က တောင်သူလယ်သမားများ၏ ထွန်တုံးပိတ်စုပေါင်းစိုက်ပျိုးမှုကို ကြည့်ရှုအားပေးခဲ့ကြပြီး မိုးစပါးစိုက်ပျိုးပြီးစီးမှုမှာ ၁၁၁၉၄ ဧက ဖြစ်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၈-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀ ၅။ မျိုးချစ်တပ်မတော်
၅း၀၀ ၆။ အမျိုးသားရေးတေးကဗျာ
၅း၂၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၃၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၄၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၄။ **ကာတွန်းအစီအစဉ် -ကျားကလေးရဲ့ မွေးရပ်မြေ အပိုင်း(၂၄)**
၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိပ်မက်ဆိုးမှမနိုးခင် (အပိုင်း-၁)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဖြေလိုက်ပါ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အဖြူရောင် မြွေမင်းသမီးလေး အပိုင်း(၄၅)ဇာတ်သိမ်း**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

အတည်ပြုချိန် - ၂း၀၀

▲ ကျောဖုံးမှ

ယခုဖွင့်လှစ်သည့် မြောင်းချောင်းတံတားအပါအဝင် တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ အထက် မြစ်ကူး၊ချောင်းကူး တံတားပေါင်း ၂၃၆စင်း ရှိလာခဲ့ပြီဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းအတွင်း တံတားများအနေဖြင့် ၁၉၈၈ခုနှစ်မတိုင်မီက ပေ ၁၈၀အထက်တံတား ၂၂စင်း၊ ပေ ၁၈၀ အောက်တံတားစင်းရေ ၃၃၀၀ ရှိခဲ့ရာ ၁၉၈၈ခုနှစ်နောက်ပိုင်း ယနေ့အထိ ပေ ၁၈၀ အထက် တံတား ၃၆ စင်း၊ ပေ ၁၈၀ အောက်တံတား ၃၇၁၉ စင်းရှိလာပြီဖြစ်ကြောင်း။ တိုးတက်မှုအနေဖြင့် ပေ ၁၈၀ အထက်တံတား ၁၄စင်း၊ ပေ ၁၈၀အောက် တံတား ၄၁၈ စင်းရှိကြောင်း၊ ယခုတည်ဆောက်ပြီးစီးသည့် မြောင်းချောင်း တံတားသည် စစ်ကိုင်းတိုင်းအတွင်း ၁၉၈၈ ခုနှစ်နောက်ပိုင်း ပြည်သူ့ဆောက်လုပ်ရေးက တာဝန်ယူတည်ဆောက်ခဲ့သည့် ပေ ၁၈၀ အထက် တံတားအများအနက် ၁၅ စင်းမြောက် တံတားဖြစ်ကြောင်း၊ တည်ဆောက်ဆဲတံတားများမှာ ဖောင်ကူးတံတား(ကလေး)၊ ခန္တီး-လဟယ်လမ်းကြောင်းပေါ်ရှိ နန့်စလိန်ကြိုးတံတားနှင့် ပုသိမ်-မုံရွာ လမ်းပေါ်ရှိ မြောက်ယမားချောင်းတံတားတို့ဖြစ်ကြောင်း။

ယခု မြောင်းချောင်းတံတား တည်ဆောက်ပြီးစီးခြင်းကြောင့် မန္တလေး-မုံရွာ-ဂန့်ဂေါ-ကလေးလမ်းအတိုင်းနှင့် တံတားမှဖြတ်ပြီး ချင်းပြည်နယ်မြောက်ပိုင်းနှင့် တမူးမြို့သို့ အချိန်တိုအတွင်း လွယ်ကူချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည့်အတွက် လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း။

ကလေးမြို့နယ်အနေဖြင့် စိုက်ပျိုးဧက ၁၄၈၅၉၄ ဧကမှ ထွက်ရှိသည့် ဆန်စပါး၊ ဆောင်းဆီးနှံနှင့် ဒေသထွက်ပစ္စည်းမျိုးစုံကို အခြားဒေသများသို့ ဤတံတားမှဖြတ်သန်း၍ အလွယ်တကူ သယ်ပို့ရောင်းချနိုင်ခြင်း၊ စိုက်ပျိုးနည်းပညာများရရှိခြင်းတို့ကြောင့် ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်မှာ မုချဧကန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ကလေးတပ်နယ်မှူး ဗိုလ်မှူးကြီး အောင်ဆန်းချစ်တို့က မြောင်းချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် မြင့်စိုး၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ကလေးတပ်နယ်မှူး ဗိုလ်မှူးကြီး အောင်ဆန်းချစ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ကမ္ဗည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြကာ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

မြောင်းချောင်းတံတားသည် အပေါ်ပိုင်းနှစ်လွှာ တစ်ထပ် ဘေလီသံပေါင်၊ သစ်သားကြမ်းခင်း R.P.T သံပေါင်နှင့် သံကူကွန်ကရစ်ကြမ်းခင်းဖြစ်၍ အောက်ခြေပိုင်းတွင် ရေတွင်းခွေ အုတ်မြစ်အမျိုးအစားဖြစ်ပြီး တံတားအရှည် ၁၈၆ ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၂ ပေရှိကာ ခွင့်ပြုယာဉ် အလေးချိန်မှာ ယာဉ်တစ်စီးချင်းတန် ၂၀ ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဇီဝမျိုးစုံ မျိုးကွဲတွေကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ကုန်းမြင့်သာ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ မရမ်းကုန်းမြို့နယ် စွယ်တော်ပတ်လမ်းရှိ နဝဒေး ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ရန်ကင်းမြို့နယ်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ တာမွေမြို့နယ်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ဒဂုံမြို့နယ်ရှိ ပန်းတျာကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ စမ်းချောင်းမြို့နယ်ရှိ ဟံသာဝတီ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း ရောက်ရှိကာ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ စားသောက်ကုန်နှင့် လူသုံးကုန်အရောင်းဆိုင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်နှင့် ကြက်၊ငါးမွေးမြူရေး အထူးဇုန်တို့မှ ကိုယ်တိုင်ထုတ်လုပ်သူလုပ်ငန်းရှင်များ၏ ကြက်သား၊ ကြက်ဥနှင့် ငါး၊ ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ဆိတ်သား၊ ဝက်သား၊ အမဲသား၊ ရေချိုရေငန် ငါးမျိုးစုံနှင့် နို့ထွက်ပစ္စည်းအရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ စားဖိုဆောင်သုံးသီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ၏ ကြက်သွန်နီအရောင်းဆိုင်၊ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်ကြီးများအသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီအရောင်းဆိုင်များ၊ ဟင်းသီးဟင်းရွက်၊ မီးဖိုချောင်သုံးပစ္စည်း၊ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန် အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စားသုံးကုန်ပစ္စည်း အမယ်မျိုးစုံ ပိုမိုတိုးတက်ရောင်းချရေး၊ ဟင်းသီးဟင်းရွက်နှင့် သားငါးများကို သန့်ရှင်းလတ်ဆတ်စွာ၊ ဈေးနှုန်းသက်သာစွာ ရောင်းချရေးနှင့် အခွန်လွတ်ဈေးများအတွင်း သန့်ရှင်းသပ်ရပ်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။ (သတင်းစဉ်)

လှိုင်သာယာစက်မှုဇုန်ရှိ သစ်အခြေခံစက်ရုံများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် လှိုင်သာယာစက်မှုဇုန် အမှတ်(၄)ရှိ ASIA Wood Co., Ltd. သစ်အခြေခံစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း ပရိဘောဂပစ္စည်းများ၊ ကြမ်းခင်းပြားများထုတ်လုပ်နေမှုများ၊ ပြည်ပတင်ပို့ရန် ထုပ်ပိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် လှိုင်သာယာစက်မှုဇုန် အမှတ်(၅)ရှိ United Wood Industries Co., Ltd. သစ်အခြေခံစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း ကျွန်းနှင့် အောက်ချင်းဇာနီ သစ်မျိုးများကို အသုံးပြု၍ ဥယျာဉ်သုံး ပရိဘောဂများ၊ ရေချိုးခန်းသုံးပစ္စည်းများ ထုတ်လုပ်နေမှု၊ ပြည်ပသို့ တင်ပို့ရန် ထုပ်ပိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လှိုင်သာယာစက်မှုဇုန် အမှတ်(၅)ရှိ United Wood Industries Co., Ltd. သစ်အခြေခံစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သစ်တော)

ထိုင်း-မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့၏ သံတမန်ဆက်သွယ်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr.Bansarn Bunnag က ရွှေ့လျားခွဲစိတ်ကုသရေးအဖွဲ့များ အသုံးပြုရန်အတွက် အမေရိကန်ဒေါ်လာ ၁၅၀၀၀ တန်ဖိုးရှိ အနုစိတ်ကြည့်မှန်ပြောင်းသုံးစုံကို ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။
(ကျန်းမာရေး)

အနုစိတ်ကြည့်မှန်ပြောင်းများ လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

ထိုင်း-မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ရ ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့၏ သံတမန်ဆက်သွယ်သည့် နှစ် (၆၀)ပြည့်အထိမ်းအမှတ်အဖြစ် (Thai-Myanmar Cadaver Dissection Workshop on Functional Endoscopic Sinus Surgery- FESS) အနုစိတ်ကြည့် မှန်ပြောင်း အသုံးပြု၍ နှာခေါင်းနှင့် ဆက်သွယ်သော လေအိတ်များ ခွဲစိတ်ကုသမှုပညာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲနှင့် အနုစိတ်ကြည့်မှန်ပြောင်းများ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး ပြင်ပလူနာဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Bansarn Bunnag နှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာဝင်းမြင့်၊ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာစောလွင်၊ ဆေးရုံအုပ်ကြီးများ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နား၊နှာခေါင်း၊လည်ချောင်း အထူးကုဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာသိန်းထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး) ဒေါက်တာဝင်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Bansarn Bunnag က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Bansarn Bunnag က ရွှေ့လျားခွဲစိတ်ကုသရေးအဖွဲ့များ အသုံးပြုရန်အတွက် အမေရိကန်ဒေါ်လာ ၁၅၀၀၀ တန်ဖိုးရှိ အနုစိတ်ကြည့် မှန်ပြောင်း Functional Endoscopic Sinus Surgery (FESS) သုံးစုံကို ပေးအပ်လှူဒါန်းရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က လက်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နယ်စပ်ဒေသ အိမ်တွင်းမှုသင်တန်းကျောင်းများ သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၄၉)၊ အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ်(၂၁)၊ အိမ်တွင်းမှု လက်မှုသင်တန်း(ကြိမ်) အမှတ်စဉ်(၃)နှင့် အိမ်တွင်းမှု လက်မှုသင်တန်း(ဝါး) အမှတ်စဉ်(၃)သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၅ ရက်တွင် သင်တန်းကျောင်းခန်းမ၌ကျင်းပရာ သင်တန်းဖွင့်ပွဲသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် တက်ရောက်အမှာစကားပြောကြားသည်။

ထို့အတူ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ အခြေခံ အိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၄၉)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၁)၊ သိုးမွေးစက်ဆွဲ သင်တန်းအမှတ်စဉ် (၈) နှင့် အိမ်တွင်းမှု လက်မှုသင်တန်း(ကြိမ်) အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၅ ရက်တွင် သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ သင်တန်းဖွင့်ပွဲသို့ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဖြိုး တက်ရောက် အမှာစကားပြောကြားသည်။

အလားတူ ကချင်ပြည်နယ် ဗန်းမော်၊ ပူတာအို၊ ဒွန်ဘန်၊ ဒေါ့ဖုန်းယန်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်၊ တာချီလိတ်၊ ကယားပြည်နယ် လွိုင်ကော်၊ စစ်ကိုင်းတိုင်း ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီးနှင့် နာဂဒေသ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့များရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်း ကျောင်းများ၏ သင်တန်းဖွင့်ပွဲ အခမ်းအနားများကိုလည်း သက်ဆိုင်ရာ သင်တန်းကျောင်းအသီးသီး၌ ကျင်းပခဲ့ကြောင်းနှင့် တက်ရောက်သည့် သင်တန်းသူများ အနေဖြင့် သင်တန်းကျောင်းသို့ အသွား/အပြန် ခရီးစရိတ်များ၊ နေထိုင်စားသောက်စရိတ်များ၊ သင်တန်းသုံးပစ္စည်းများမှာ အခမဲ့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်းများ၊ အမှုထမ်းများ၊ အားကစားဝါသနာရှင်များ ၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ ပြန်ကြားရေးနှင့် အားကစားတို့ အနိုင်ရရှိ

နေပြည်တော် ဩဂုတ် ၂၆

ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ ညနေ ၃ နာရီခွဲက ဆက်လက်ကျင်းပရာ နေပြည်တော်အားကစားပြိုင်ကွင်း၌ (ခခ)အုပ်စုတွင် ပြန်ကြားရေးဝန်ကြီးဌာန ဘောလုံးအသင်းက ယဉ်ကျေးမှုဝန်ကြီးဌာန ဘောလုံးအသင်းကို ခုနစ်ဂိုး - တစ်ဂိုးဖြင့်လည်းကောင်း၊ ပေါင်းလောင်း အားကစားပြိုင်ကွင်း၌(ခခ)အုပ်စုတွင် အားကစားဝန်ကြီးဌာန ဘောလုံးအသင်းက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဘောလုံးအသင်းကို ခြောက်ဂိုး - နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

အဆိုပါပြိုင်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်းများ၊ အမှုထမ်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

၂၇-၈-၂၀၀၈

(နေပြည်တော်ကွင်း)

(ဂဂ)အုပ်စု -

သာသနာရေးနှင့် စီးပွား/ကူးသန်း

(ပေါင်းလောင်းကွင်း)

(ဂဂ)အုပ်စု -

ကာကွယ်ရေးနှင့်ပြည်ထဲရေး

(၁၀၇)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇-၈-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	နှောင်းခေတ်တေးပဒေသာ
၇း၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၀၀	၆။	**"အသိစိတ်ကလေး အရင်းတည်၍" (ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင်) ဒါရိုက်တာ - ကြည်စိုး**
၈း၁၅	၇။	၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (ဝါသနာရှင် - ဒုတိယတန်းအဆင့်) (အမျိုးသား၊ အမျိုးသမီး)
၈း၃၀	၈။	International News.
၉း၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	အဆိုပြိုင်ပွဲ
၄း၃၀	၄။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၄၀	၅။	အကပြိုင်ပွဲ
၄း၅၀	၆။	သီချင်းကြီးပဒေသာ
၅း၀၀	၇။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၁၀	၈။	၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား၊ အမျိုးသမီး)
၅း၃၀	၉။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၃၀	၁၁။	မိုးလေဝသအခြေအနေ
၆း၃၅	၁၂။	မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆း၅၀	၁၃။	ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇း၂၀	၁၄။	"ဆိုလိုက်ကြစို့"
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (သုဝဏ္ဏသာမ ဇာတ်တော်ကြီးပြိုင်ပွဲ) (အောင်ကိုဝင်းနှင့်အဖွဲ့) (တတိယဆု)(ရန်ကုန်တိုင်း) ဒုတိယပိုင်း
	၁၉။	အစီအစဉ်ပြီး၏။

မြန်မာ့ရုပ်ရှင်လောက အဆင့်အတန်းမြင့်မားရေး မျိုးဆက်သစ်များ အားသစ်လောင်းမွေးထုတ်ပေး

သတင်းဆောင်းပါး-အထက်မင်းလှည္တန့်အောင်၊ ဓာတ်ပုံမှတ်တမ်း-တင့်လွင်(လှိုင်သာယာ)

"ရုပ်ရှင်သည် ပြည်သူ့အတွက်" ဟူသောဆောင်ပုဒ်နှင့်အညီ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များသည် မိမိတို့၏အနုပညာစွမ်းပကားဖြင့် ပြည်သူကိုအလုပ်အကျွေး ပြုနေကြသည်။ "ချစ်ရွှင်သနားတည်ကြားကြမ်းကြုတ်စက်ဆုပ်အံ့ဩနှောအရသာ"ဟူသော ရသကိုးပါးကို သဏ္ဍာန်လုပ် သရုပ်နှင့်တူအောင် စွမ်းဆောင်နိုင်ကြသူများ ဖြစ်သည်။

ယနေ့ကာလတွင် ပြည်သူကို အလုပ်အကျွေးပြုကြမည့် ရုပ်ရှင်အနုပညာရှင်များ ရှားပါးလာမှုကို ဖြည့်ဆည်းပေးနိုင်ရန် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက(၁/၂၀၀၈) သရုပ်ဆောင်သင်တန်းကို ယခုနှစ် ဧပြီလ ၁ ရက်နေ့က ဖွင့်လှစ်ခဲ့ပြီး ဩဂုတ်လ ၂၆ ရက်နေ့တွင် သင်တန်းဆင်းပွဲ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး (၁/၂၀၀၈)သရုပ်ဆောင်သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ်လ ၂၆ ရက်နေ့ နံနက် ၁၁ နာရီခွဲတွင် ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က အမှာစကားပြောကြားရာ၌"ယနေ့ရုပ်ရှင်နဲ့ ဗီဒီယိုလောကအတွင်းမှာ ဇာတ်လမ်းဇာတ်ကွက်အရ အနုပညာကို မြန်မာမှု မြန်မာဟန်နဲ့အညီ ခံစားမှုအသွင်နဲ့ သရုပ်ဆောင်ပေးနိုင်တဲ့ သရုပ်ဆောင်လိုအပ်နေခြင်းပဲ ဖြစ်ပါတယ်၊ ဘယ်အရာမဆို သူ့အတိုင်းအတာအရ၊ သူတတ်မြောက်ထားတဲ့ အသိပညာ အတတ်ပညာ အနေအထားအရ ထိုက်သင့်သောခံစားခွင့်ဆိုတာ ရှိမှာဖြစ်ပါတယ်၊ အချိန်ကာလအနေအထားနဲ့ မိမိရဲ့သရုပ်ဆောင်ပညာ မြင့်မားတိုးတက်မှုအရ ခံစားသင့် ခံစားထိုက်သည်များကို အချိန်ကာလပေါ်မှာမူတည်ပြီး ရရှိကြမှာဖြစ်ပါတယ်၊ ဒါကို အချိန်မတိုင်ခင် အတ္တပရမမျှဘဲ အတ္တလွန်ကဲလာရင် အနုပညာမြောက်တဲ့ သရုပ်ဆောင်ရှားပါးမြဲ ရှားပါးနေမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီသင်တန်းက မွေးထုတ်လိုက်တဲ့ မျိုးဆက်သစ် အနုပညာရှင် မောင်တို့ မယ်တို့ဟာ ဒီအခက်အခဲကို ဖြေရှင်းပေးမယ့် သူများဖြစ်အောင် ကြိုးစားကြပါ" ဟူ၍ ပြောကြားသွားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက အမှာစကားပြောကြားရာတွင် "ကမ္ဘာ့ရုပ်ရှင်လောကက ထင်ပေါ်ကျော်ကြားတဲ့ စတားကြယ်ပွင့်ဖြစ်ဖို့ မဟုတ်ဘဲ ဇာတ်နဲ့ လိုက်ဖက်တဲ့ ဇာတ်ဆောင်ဇာတ်ပို့၊ ဇာတ်လိုက်ကောင်းတွေဖြစ်အောင် ကြိုးစားသွားကြပါ" ဟူ၍ မှာကြားသွားသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ (၁) (၁/၂၀၀၈) သရုပ်ဆောင်သင်တန်း သင်တန်းကြီးကြပ်မှုနှင့် သင်ကြားလေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ခိုင်က "တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်ဟူသော စကားရှိပါတယ်။ သင်တန်းဆင်းပြီးတာနဲ့ သရုပ်ဆောင်ဖြစ်ပြီ မထင်ပါနဲ့။ အမြဲတမ်း လေ့လာကြိုးပမ်းနေမှ သရုပ်ဆောင်ကောင်း ဖြစ်လာနိုင်မှာဖြစ်ပါတယ်။ အချိန်ကို လေးစားတန်ဖိုးထားရမယ်။ ကိုယ်ကျင့်တရားကောင်းရမယ်။ သိက္ခာရှိရှိ ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံနေထိုင်ရမယ်။ ဒါမှ တိုးတက်မှုရှိမှာ ဖြစ်ပါတယ်" ဟူ၍ ပြောကြားသွားသည်။

သရုပ်ဆောင် သင်တန်းသူ ဆု ရှင်းလင်းပြောကြားစဉ်။

သရုပ်ဆောင် သင်တန်းသား ဘုန်းမြတ်မော် က ရှင်းလင်းပြောကြားစဉ်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် သင်တန်းဆရာ၊ ဆရာမ ၅၉ဦး၊ စာတွေ့ လက်တွေ့ ပထမ၊ ဒုတိယ၊ တတိယရရှိသည့် သင်တန်းသား သင်တန်းသူ ခြောက်ဦး၊ သင်တန်းပျက်ရက် မရှိသည့် သင်တန်းသား သင်တန်းသူခြောက်ဦး၊ သင်တန်းသား သင်တန်းသူများ မျက်နှာဓာတ်ပုံအလှပြိုင်ပွဲမှ ဆုရရှိသူများနှင့် သင်တန်းအောင်မြင်သူ ၆၁ ဦးတို့အား မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ အမှုဆောင်များက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အပြီးတွင် သင်တန်းသား၊ သင်တန်းသူများက တေးသရုပ်ဖော်များ တင်ဆက်ကြသည်။ သင်တန်းသား၊ သင်တန်းသူများ၏ အရည်အသွေး မြင့်မားလာစေရန် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက စိုက်ထုတ်ကျခံ၍ သင်တန်းသား သင်တန်းသူများ ပါဝင်သရုပ်ဆောင်ထားသည့် ဗီဒီယိုဇာတ်ကား သုံးကားကိုလည်း ရိုက်ကူးထုတ်လုပ်သွားမည်ဟု သိရသည်။

သရုပ်ဆောင် သင်တန်းသား ချစ်ကိုကိုဝင်း (သရုပ်ဆောင် ချစ်ဖွဲ့ဟိန်း)ရှင်းလင်းပြောကြားစဉ်။

မိမိတို့ သတင်းအဖွဲ့သည် သင်တန်းဆင်းပွဲမတိုင်မီ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

ပထမဦးစွာ သရုပ်ဆောင် သင်တန်းသား အောင်အောင်ဖြိုး (သရုပ်ဆောင် ဘုန်းမြတ်မော်)နှင့် တွေ့ဆုံရာတွင် "ရုပ်ရှင် အနုပညာနှင့်ပတ်သက်၍ အခြေခံသိဖို့ ဒီသင်တန်းကို တက်ရောက်ခဲ့တာပါ။ အခြေခံရှိမှ အောင်မြင်မှုရေရှည်ရရှိမှာ ဖြစ်ပါတယ်။ သရုပ်ဆောင်ကောင်းတစ်ယောက် ဖြစ်အောင် မျက်ခြည်မပြတ် ကြိုးစားသွားပါမယ်" ဟူ၍ ပြောကြားသည်။

ဆက်လက်၍ သရုပ်ဆောင် သင်တန်းသား ချစ်ကိုကိုဝင်း (သရုပ်ဆောင် ချစ်ဖွဲ့ဟိန်း) နှင့် တွေ့ဆုံမေးမြန်းရာ၌ "ဒီသင်တန်းတက်မှ အနုပညာရဲ့ နက်ရှိုင်းမှုကို သိလာရပါတယ်။ အနုပညာဟာ ဘယ်တော့မှ ပြည့်စုံတယ်မရှိပါဘူး၊ အချိန်နဲ့အမျှ တိုးတက်အောင် ကြိုးစားသင်ယူနေရမှာ ဖြစ်ပါတယ်။ ကျရာအခန်းက ပီပြင်အောင် သရုပ်ဆောင်နိုင်တဲ့ သရုပ်ဆောင်ကောင်း ဖြစ်အောင် ကြိုးစားသွားပါမယ်" ဟူ၍ ပြောကြားသည်။

သရုပ်ဆောင် သင်တန်းသူ ပိုပို ရှင်းလင်းပြောကြားစဉ်။

တစ်ဖန် သရုပ်ဆောင်သင်တန်းသူ "ဆု"နှင့် တွေ့ဆုံမေးမြန်းရာတွင် "ငယ်ငယ် ကတည်းက ဝါသနာပါပါတယ်၊ ကြီးကြီး ဒေါ်ခင်လေးဆွေနဲ့ အမြဲတမ်း ရိုက်ကွင်းကို လိုက်ကြည့်ပါတယ်။ သင်တန်းဖွင့်တော့ အခွင့်အလမ်း ပေါ်လာပါတယ်။ ကိုယ့်ဝါသနာကို အကောင်အထည်ဖော်ခွင့် ရပါတယ်။ သရုပ်ဆောင်ကောင်း ဖြစ်အောင် ကြိုးစားသွားပါမယ်" ဟူ၍ ရှင်းပြသည်။

ယင်းနောက် သရုပ်ဆောင် သင်တန်းသူ ပိုပိုနှင့် တွေ့ဆုံမေးမြန်းရာတွင်"အနုပညာအခြေခံ ရလို၍ ဒီသင်တန်းကို တက်ရောက်ခဲ့တာပါ၊ ဆရာတွေဆီက လက်တွေ့ ဗဟုသုတတွေ ရရှိပါတယ်။ ကျရာအခန်းက ပီပြင်အောင် သရုပ်ဆောင်နိုင်တဲ့ သရုပ်ဆောင်ကောင်း ဖြစ်အောင် ကြိုးစားသွားပါမယ်"ဟု ပြောပြသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ (၁/၂၀၀၈)သရုပ်ဆောင်သင်တန်းသည် မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောကအတွက် မျိုးဆက်သစ် အနုပညာရှင်များ မွေးထုတ်ရေး၊ ရုပ်ရှင်အဆင့်အတန်းမြင့်မားရေး၊ အဆင့်မြင့်သည့် ဇာတ်ကားကောင်းများ ရိုက်ကူးနိုင်ရေး အထောက်အကူ ပြုသည့်အပြင် မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောက တိုးတက်မြင့်မားရေး အတွက် မျိုးဆက်သစ်လူငယ်များ၏ပူးပေါင်းမှုစွမ်းအားဖြင့် နိုင်ငံတကာကို ထိုးဖောက်လာနိုင်မည် ဖြစ်သည်။ ရုပ်ရှင်နှင့် ဗီဒီယိုလုပ်ငန်း အဆင့်အတန်းမြင့်မားပြီး အရည်အသွေးကောင်းမွန်သော ဇာတ်ကားကောင်းများပေါ်ထွက်ရေးအတွက် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် အနုပညာ မျိုးဆက်သစ် သရုပ်ဆောင်သစ်များကို (၁/၂၀၀၈) သရုပ်ဆောင်သင်တန်းမှ မွေးထုတ်အားသစ်လောင်းပေးနိုင်ပြီ ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ဘဂ္ဂဒက်တွင် အသေခံဗုံးခွဲတိုက်ခိုက်၍ ၂၅ ဦး သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်ပိုင်း အဘူဂါရိတ်ခရိုင်တွင် ညစာစားပွဲတစ်ခု ကျင်းပနေစဉ် အသေခံဗုံးခွဲရေးသမားတစ်ဦးက တိုက်ခိုက်သဖြင့် ၂၅ ဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တိုက်ခိုက်ခံရ

အမေရိကန်တို့၏ ဖမ်းဆီးခြင်းခံရသော ၎င်း၏သား လွတ်မြောက်လာသည့် အထိမ်းအမှတ်အနေဖြင့် ဒေသဆိုင် ရာခေါင်းဆောင်တစ်ဦးက ၎င်း၏နေအိမ်တွင် ညစာစားပွဲကျင်းပနေစဉ် အသေခံဗုံးခွဲ တိုက်ခိုက်ခံရခြင်းဖြစ်သည်။

ပြောကြား

သေဆုံးသူများတွင် အမျိုးသမီးများနှင့်ကလေးများ ပါဝင်သည်။ ရဲတပ်ဖွဲ့အကြီးအကဲတစ်ဦးက သေဆုံးသူအရေအတွက်သည် ၂၀ ဦး ဖြစ်ကြောင်း ကနဦးက ပြောခဲ့သည်။ ဘဂ္ဂဒက်မှ အမည်မဖော်လိုသော ရဲအရာရှိကမူ ၂၅ ဦး သေဆုံးပြီး ၃၂ ဦး ဒဏ်ရာရရှိသည်ဟု ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။



အစ္စရေးနိုင်ငံတွင် ဖမ်းဆီးထားသော ပါလက်စတိုင်း အကျဉ်းသားများအနက် ၁၉၈ ဦးကို အာဏာပိုင်များက အနောက်ဘက်ကမ်းဒေသ မြို့ဖြစ်သော ရာမာလာအနီးတွင် ဩဂုတ် ၂၅ ရက်က လွှတ်ပေးစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

တတိယမြောက် အမေရိကန်စစ်သင်္ဘော ပင်လယ်နက်အတွင်းသို့ စေလွှတ်ရန် စီစဉ်လျက်ရှိ

ဝါရှင်တန် ဩဂုတ် ၂၅

အမေရိကန်နိုင်ငံအနေဖြင့် ပင်လယ်နက်အတွင်း၌ တတိယစစ်သင်္ဘောတစ်စင်းကို ဩဂုတ်လကုန်ပိုင်းတွင် တပ်ဖြန့်ထားရန်စီစဉ်လျက်ရှိကြောင်း အမေရိကန်ရေတပ်က ဩဂုတ် ၂၁ ရက်တွင် ပြောကြားသည်။

ထုတ်ပြန်

ဖော်ပြပါထုတ်ပြန်ချက်ကို အမေရိကန် အမှတ်-၆ ရေတပ်၏ အလံတင်သင်္ဘော ယူအက်စ်အက်စ်မောင့်ဝှစ်တနီမှ ထုတ်ပြန်ခြင်းဖြစ်သည်။ ပင်လယ်နက်ဒေသတွင် ပဲ့ထိန်းဒုံးပျံတင်ဖျက်သင်္ဘော မက်ဖားလ်နှင့် ကမ်းခြေစောင့်စစ်သင်္ဘော ဒါးလက်တို့ ယခင်ကတည်းက ချထားပြီးဖြစ်သည်။

ကြိုတင်အသိပေး

ပင်လယ်နက်သို့ စေလွှတ်မည့်သင်္ဘောသည် ယခုအခါ အီတလီနိုင်ငံရှိ ဂေတာဆိပ်ကမ်းမြို့တွင် လိုအပ်သောပစ္စည်းများကို ဖြည့်တင်းတင်ဆောင်လျက်ရှိသည်ဟုဆိုသည်။ အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်၏ အဆိုအရမူ အမေရိကန်စစ်သင်္ဘော ပင်လယ်နက်သို့ စေလွှတ်မည့်အကြောင်းကို ရုရှားသို့ ကြိုတင်အကြောင်းကြား အသိပေးထားပြီးဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်နိုင်ငံ ကရာချိဆိပ်ကမ်းမြို့တွင် မီးရှို့ဖျက်ဆီးခြင်းခံလိုက်ရသည့် အာဖဂန်နစ္စတန်သို့ပို့မည့် နေတိုးအဖွဲ့၏ သံချပ်ကာယာဉ်နှစ်စီးကို ဩဂုတ် ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အဲလ်တောင်တန်း၌ ရေခဲတောင်ပြိုကျ ခုနစ်ဦးဒဏ်ရာရပြီး ရှစ်ဦးပျောက်ဆုံး

ပါရီ-ရောမ ဩဂုတ် ၂၅

မောင့်ဘရန်တောင်ပေါ်မှ ရေခဲများသည် ဩဂုတ် ၂၄ ရက်က ပြိုကျရာ ခုနစ်ဦး ဒဏ်ရာရရှိပြီး ရှစ်ဦး ပျောက်ဆုံးနေကြောင်း ပြင်သစ်ရဲတပ်ဖွဲ့က ပြောကြားသည်။ ထို့ပြင် အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေရန်မျှော်လင့်ချက်မှာလည်း အနည်းငယ်သာရှိကြောင်း ဖော်ပြထားသည်။

ပြိုကျ

ဒဏ်ရာရရှိသူများမှာ ပြင်သစ်လူမျိုးနှင့် အီတလီလူမျိုးများ ဖြစ်ကြသည်။ ပျောက်ဆုံးနေသူများတွင် ဩစတြေးလျနိုင်ငံသားငါးဦးနှင့် ဆွစ်လူမျိုးသုံးဦးတို့ ပါဝင်ကြောင်း သိရသည်။ ယင်းရေခဲတောင်မှာ ဩဂုတ် ၂၄ ရက် နံနက်ဝေလီဝေလင်းအချိန်၌ ပြိုကျခဲ့ခြင်းဖြစ်သည်ဟု အီတလီရဲတပ်ဖွဲ့မှအရာရှိတစ်ဦးက ပြောကြားသည်။ ထို့ပြင် ဒဏ်ရာရရှိသူများထဲတွင် လေးဦးမှာ ဆေးရုံမှ ဆင်းသွားနိုင်ပြီဖြစ်ပြီး ကျန်သုံးဦးမှာ ဆေးဝါးကုသမှု ဆက်လက်ခံယူနေရဆဲ ဖြစ်သည်။

အဆိုပါ ရေခဲတောင်ပြိုကျရာတွင် ပျောက်ဆုံးနေသောသူများကို ရှာဖွေရန်အတွက် ရေခဲတောင်၏ အခြေအနေမှာ အန္တရာယ်ရှိနေသေး၍ ပြင်သစ်ကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များအား ခေတ္တရပ်ဆိုင်းထားရသည်။ ထိုမောင့်ဘရန်တောင်သည် အဲလ်တောင်တန်းတွင် အမြင့်ဆုံးတောင်ထိပ်ဖြစ်သည်။ အဲလ်တောင်တန်းသည် အီတလီနှင့် ပြင်သစ်နိုင်ငံတို့ကြား နယ်နိမိတ်သဖွယ် တည်ရှိသော တောင်တန်းကြီးဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အင်ဒိုနီးရှားတွင် ရထားနှင့် ကားလေးစီးတိုက်

ဂျကာတာ ဩဂုတ် ၂၅

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ အနောက်ဘက်ရှိတင်မ်ဘိုရာဒေသတွင် ရထားလမ်းဆုံတစ်ခုအား မော်တော်ယာဉ် လေးစီးက ဖြတ်ကျော်ရန် ကြိုးစားစဉ် ရထားတစ်စင်းနှင့် အရှိန်ပြင်းစွာတိုက်မိခဲ့ရာ ကားများပေါ်တွင် လိုက်လာသူအားလုံးမှာ ဆိုးရွားစွာ ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ပျက်ကွက်

ဒေသစံတော်ချိန်နံနက် ၁၁ နာရီခွဲတွင် ရထားလမ်းဂိတ်စောင့်သည် အဆိုပါရထားလမ်းဆုံအား မပိတ်မိသဖြင့် ယခုကဲ့သို့ ဆိုးရွားသောအဖြစ်ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း ဂျကာတာရဲတပ်ဖွဲ့၏ ယာဉ်ထိန်းသိမ်းရေးအဖွဲ့ (တီအမ်စီ)၏ ပြောကြားချက်ကို ကိုးကား၍ ဂျကာတာပို့စ် သတင်းဌာနက ဖော်ပြသည်။

အင်တာနက်။

အီရတ်စစ်ပွဲတွင် သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ၄၁၄၆ ဦး ရှိပြီ

ဝါရှင်တန် ဩဂုတ် ၂၅

အီရတ်နိုင်ငံတွင် ၂၀၀၃ ခုနှစ် မတ်လမှစတင်ကာ တိုက်ပွဲများဖြစ်ပွားခဲ့ရာ၌ သေဆုံးခဲ့ရသော အမေရိကန် တပ်ဖွဲ့ဝင်ဦးရေသည် ၂၀၀၈ ခုနှစ် ဩဂုတ် ၂၃ ရက်အထိ အနည်းဆုံး ၄၁၄၆ ဦး ရှိပြီဖြစ်သည်ဟု စနေနေ့တွင် ထုတ်ပြန်သည်။

၎င်းတို့အနက် ရှစ်ဦးသည် စစ်ဘက်တာဝန် ထမ်းဆောင်နေသော အရပ်သားများ ဖြစ်သည်။ ထို့ပြင် အနည်းဆုံး ၃၃၇၀ မှာ တိုက်ပွဲများအတွင်း သေဆုံးသူများဖြစ်ကြောင်း စစ်ဘက်မှတ်တမ်းများတွင် ဖော်ပြထားသည်။

ထိုစစ်ပွဲအတွင်း အပေါင်းပါတပ်ဖွဲ့များမှ သေဆုံးမှုများလည်း ရှိသည်။ ဗြိတိသျှစစ်ဘက်၏မှတ်တမ်းများအရ ဗြိတိသျှတပ်ဖွဲ့ဝင် ၁၇၆ ဦး၊ အီတလီမှ ၃၃ ဦး၊ ယူကရိန်းမှ ၁၈ ဦး၊ ပိုလန်မှ ၂၁ ဦး၊ဘူလ်ဂေးရီးယားမှ ၁၃ ဦး၊ စပိန်မှ ၁၁ ဦး၊ ဒိန်းမတ်မှ ခုနစ်ဦး၊ အယ်လ်ဆာဗေးဒိုးမှ ငါးဦး၊ ဆလိုဗက်ကီးယားမှ လေးဦး၊ လတ်ဗီးယားနှင့် ဂျော်ဂျီယာနိုင်ငံတို့မှ တပ်ဖွဲ့ဝင်သုံးဦးစီနှင့် အက်စတိုးနီးယား၊ နယ်သာလန်၊ ထိုင်း၊ ရိုမေးနီးယားနိုင်ငံများမှ တပ်ဖွဲ့ဝင်နှစ်ဦးစီ ပါဝင်ကာ ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်၊ တောင်ကိုရီးယားနိုင်ငံတို့မှ တပ်ဖွဲ့ဝင်တစ်ဦးစီ သေဆုံးခဲ့ပြီးဖြစ်ကြောင်း ဖော်ပြသည်။

အင်တာနက်။

ဇင်ဘာဘွေတွင် လမ်းဘေးဗုံးပေါက်ကွဲ ထိခိုက်ဒဏ်ရာရရှိမှု မရှိဟုဆို

ဟာရာရေး ဩဂုတ် ၂၄

ဇင်ဘာဘွေနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် ဘူလာဝေရိုမြို့နှင့် ဟာရာရေးမြို့သို့ ဆက်သွယ်ထားသည့် လမ်းမကြီးပေါ်တွင် လမ်းဘေးဗုံးပေါက်ကွဲခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း ရဲတပ်ဖွဲ့က ဩဂုတ် ၂၃ ရက်တွင် ပြောကြားသည်။

အဆိုပါဗုံးသည် ကြာသပတေးနေ့ညက ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး လမ်းပေါ်ရှိ တံတားနှစ်စင်းပျက်စီးခဲ့သည်ဟု ၎င်းတို့က ထပ်လောင်းပြောကြားသည်။

အဆိုပါဗုံးပေါက်ကွဲမှုအတွက် မည်သည့်အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကမျှ တာဝန်ရှိသည်ဟု ထုတ်ဖော်ပြောကြားခြင်း မပြုပေ။ ယခုအခါ လက်သည်ဖော်ထုတ်နိုင်ရန် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဇင်ဘာဘွေနိုင်ငံတွင် မတ် ၂၉ ရက်က ရွေးကောက်ပွဲကျင်းပခဲ့ရာတွင် အတိုက်အခံပါတီခေါင်းဆောင် မော်ဂင်န်တက်စ်ဗင်န်ဂိုရိုက အနိုင်ရရှိခဲ့သော်လည်း အပြတ်အသတ် အနိုင်ရရှိခြင်းမျိုး မဟုတ်ပေ။ ၎င်း၏ ဒီမိုကရေစီဖော်ဆောင်ရေးပါတီအနေဖြင့်မူ အောက်လွှတ်တော်၌ အမတ်နေရာ အများဆုံးနေရာရရှိခဲ့သည်။

အင်တာနက်။

အာဂျင်တီးနားနိုင်ငံ ဗျူနို့စ်အေရီစ်မြို့တွင် ပြုလုပ်သည့် ဖက်ရှင်သီတင်းပတ် ပြပွဲတွင် ပါဝင်ပြသသည့်မော်ဒယ်များအား ဩဂုတ် ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မက်ကိန်းထံသို့ ခြိမ်းခြောက်စာပို့သူကို တရားစွဲဆို

ဒင်ဗာ ဩဂုတ် ၂၆

အမေရိကန်သမ္မတအဖြစ်အရွေးခံမည့် ဂျွန်မက်ကိန်းထံသို့အဖြူရောင်အမှုန့်များဖြူးထားသောခြိမ်းခြောက်စာတစ်စောင်ပို့ခဲ့သူထောင်ကျတစ်ဦးအား ဩဂုတ် ၂၂ရက်တွင် တရားစွဲဆိုခဲ့သည်။ ထိုခြိမ်းခြောက်စာနှင့်အတူပါလာသည့် အဖြူရောင်အမှုန့်များကြောင့်ကော်လိုရာဒိုရှိ မက်ကိန်း၏ရုံးခန်း၌ စိုးရိမ်မှုများ ဖြစ်ပေါ်ခဲ့ရသည်။ ပေးပို့လိုက်သည့်စာပေါ်တွင် စာပို့သူ ထောင်ကျအကျဉ်းသား၏ နေရပ်၊ အကျဉ်းသားနံပါတ်၊ အမည်အပါအဝင်လိပ်စာအပြည့်အစုံပါရှိသည့်အတွက် လက်သည်ကိုချက်ချင်းဖမ်းဆီးနိုင်ခဲ့သည်။ သက်ာမကင်းခြင်းခံရသူမှာ အသက် ၃၉နှစ်ရှိ မက်ဟာရိုဒ်ရမ်ဆေအား တရားခံအဖြစ် ဖော်ထုတ်နိုင်ခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။ ထောင်ကျ အကျဉ်းသားများထံမှ စာပေးပို့သောအခါ ထောင်စည်းကမ်းအရ၎င်းတို့၏အမည်၊လိပ်စာ၊အကျဉ်းသား နံပါတ်များကို အပြည့်အစုံရေးသားဖော်ပြပေးပို့ရသည်။

မက်ကိန်းဆီသို့လိပ်မူလျက် ဆီနိတ်တာ၏ရုံးသို့ကြာသပတေးနေ့ကရောက်ရှိလာသည့်စာကို ဝန်ထမ်းတစ်ဦးက ဖွင့်ဖောက်ခဲ့ရာ စိုးရိမ်ဖွယ်ရာ တွေ့ရ၍ ရုံးအဖွဲ့သားများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

အဆိုပါစာ၏အစတွင် အိုင်အက်ဖ် အက်ဖ်ဟုအတိုခေါက်ရေးသားပြီးစာကိုဖတ်လျှင် သင်သေပြီးဖြစ်သည်ဟု ဖော်ပြထားသည်။ မက်ကိန်း၏ ရုံးမှ ဝန်ထမ်းများသည် ကြိုတင်ကာကွယ်သည့်အနေဖြင့် ဆေးရုံသို့သွားရောက်ပြသခဲ့သည်။ အချို့ဝန်ထမ်းများလည်းအကာအကွယ်ယူသည့်သဘောဖြင့် ပိုးမွှားသန့်စင်သည့် ဆေးဝါးကုသမှုများကိုခံယူခဲ့ကြသည်။သို့သော်ယခုကိစ္စကြောင့် မည်သူတစ်ဦးတစ်ယောက်မျှအန္တရာယ်မဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အာဖဂန်နစ္စတန်တွင် ရဟတ်ယာဉ်တစ်စင်း အရေးပေါ်ဆင်းရ နေတိုးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ကဘူး ဩဂုတ် ၂၅

အာဖဂန်နစ္စတန်နိုင်ငံ ကူနာပြည်နယ်နိုင်ငံစုံတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်) အခြေစိုက်စခန်းမှ အမ်အိုင်-၈ ထောက်ပံ့ရေး ရဟတ်ယာဉ်တစ်စင်းသည် တပ်ဖွဲ့ဝင်များအပြည့်တင်ဆောင်၍ထွက်ခွာလာပြီးနောက်အရေးပေါ်ပြန်လည်ဆင်းသက်ခဲ့ရရာ နေတိုးတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး ကျန်သုံးဦးဒဏ်ရာ ရရှိကြောင်း အိုင်အက်စ်အေအက်ဖ်မှ ကြေညာချက်တွင် ဖော်ပြထားသည်။

သို့သော် သေဆုံးသော တပ်ဖွဲ့ဝင်သည် မည်သည့်နိုင်ငံသားဖြစ်ကြောင်း၊ မည်သည့်အတွက် ရဟတ်ယာဉ်ပြန်လည်ဆင်းရကြောင်းကို မသိရသေးပေ။ အိုင်အက်စ်အေအက်ဖ်မှ ပြောရေးဆိုခွင့်ရှိသူက စုံစမ်းစစ်ဆေးမှုစတင်ဆောင်ရွက်နေပြီဟုပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဩဂုတ် ၂၅ရက်က ကာဂျစ်စတန်နိုင်ငံ မြို့တော်ဘစ်ချ်ကက်မှ ကီလို ၁၀ မီတာအကွာတွင် ပျက်ကျသွားသော ဘိုးရင်း-၇၃၇ ခရီးသည်လေယာဉ်၏ အပျက်အစီးများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်၌ ပြည်ပမှဓာတ်ငွေ့ရည်တင်သွင်းမှု လျော့နည်းလာ

ပေကျင်း ဩဂုတ် ၂၅

တရုတ်နိုင်ငံကပြည်ပမှ ဓာတ်ငွေ့ရည် (အယ်လ်ပီဂျီ)ဝယ်ယူ တင်သွင်းမှုလုပ်ငန်းသည် ယခုနှစ် ပထမခြောက်လတွင်ဆယ်ဂဏန်းမျှကျဆင်းသွားကြောင်း၊ ပြည်တွင်းနှင့် ပြည်ပဈေးကွက်များတွင် ဈေးနှုန်းကွာဟမှုဖြစ်နေသဖြင့် ဓာတ်ငွေ့ရည်တင်သွင်းသည့်လုပ်ငန်းရှင်များအနေဖြင့်ပြည်ပမှဝယ်ယူတင်သွင်းရန် စိတ်အားထက်သန်မှု နည်းပါးလာ၍ ဖြစ်ကြောင်း အကောက်ခွန်ဌာနက ဩဂုတ် ၂၄ရက်တွင်ပြောကြားသည်။

ဇန်နဝါရီလမှ ဇွန်လအတွင်း တရုတ်နိုင်ငံ၏ဓာတ်ငွေ့ရည်နှင့်အခြားဟိုက်ဒရိုကာဗွန်ဓာတ်ငွေ့ တင်သွင်းမှု တန် ၂ ဒသမ ၈ သန်းသာ ရှိသဖြင့် ယမန်နှစ် အလားတူ ကာလက ထက်တင်သွင်းမှု ၁၃ဒသမ၄ ရာခိုင်နှုန်း ကျဆင်းသွားသည်ကို တွေ့ရသည်။

နိုင်ငံတကာ ဈေးကွက်များတွင် ရေနံဈေးနှုန်း မြင့်တက်နေမှုကြောင့် ဓာတ်ငွေ့ရည်ဈေးမှာ ၅ဒသမ၁ရာခိုင်နှုန်းမြင့်တက်လာပြီး တင်သွင်းမှု တန်ဖိုးအားဖြင့်ဆိုပါကအမေရိကန်ဒေါ်လာ ၁ဒသမ၄၈ ဘီလီယံ အထိရောက်ရှိလာ ကြောင်း အကောက်ခွန်ဌာနက ထပ်မံပြောကြားသည်။

ပြည်ပတွင်ဓာတ်ငွေ့ရည်၏ပေါက်ဈေးမှာ တစ်တန်လျှင် ယွမ် ၇၆၀၀ ရှိသည့်အတွက် ပြည်တွင်း ဈေးထက် ယွမ် ၈၀၀ဈေးနှုန်းပိုမို မြင့်မားလျက်ရှိသည်။ ***အင်တာနက်။***

ညီ၏မင်္ဂလာဆောင်ကို အစ်ကိုက လက်ပစ်ဗုံးပစ်သွင်း ဧည့်သည် ၁၉ ဦး သေဆုံး

ဘူဂျမ်ဘာရာ ဩဂုတ် ၂၆

ဘူရွန်ဒီနိုင်ငံတွင် ညီဖြစ်သူ၏ မင်္ဂလာပွဲအခမ်းအနားသို့အစ်ကိုဖြစ်သူက လက်ပစ်ဗုံးပစ်သွင်းသဖြင့် ၁၉ဦး သေဆုံးရကြောင်း၊ ညီအစ်ကိုချင်း မြေယာပိုင်ဆိုင်မှု အငြင်းပွားခြင်းကြောင့် ထိုသို့ တိုက်ခိုက်ခြင်း ဖြစ်သည်ဟု ရဲတပ်ဖွဲ့က ဩဂုတ် ၂၄ရက်တွင် ပြောကြားသည်။

ဂီတီဂါပြည်နယ်တွင် စနေနေ့ညက အဆိုပါကိစ္စဖြစ်ပျက်ပြီးနောက် ဗုံးဖြင့် တိုက်ခိုက်သူကိုဖမ်းဆီးခဲ့သည်။

၎င်းသည် သတို့သား၏ အစ်ကိုတော်စပ်သူဖြစ်သည်။

သတို့သားနှင့် သတို့သမီးတို့သည် တိုက်ခိုက်မှုမှ လွတ်မြောက်သွားကြသော်လည်း အခြားဧည့်သည်များမှာ ဒဏ်ရာရရှိသွားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

ဂျော်ဂျီယာနိုင်ငံ တီဘီလီစီမြို့မှ ကီလိုမီတာ ၈၀ ဝေးသော ဂိုရီမြို့တွင် အဇာဘိုင်ဂျန်မှ ရေနံတင် ရထား မီးလောင်နေသည်ကို ဩဂုတ် ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်အယ်လ်ခိုင်ဒါ ခေါင်းဆောင်နှစ်ဦး ဖမ်းမိ

ဘဂ္ဂဒက် ဩဂုတ် ၂၆

အမေရိကန် တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံတွင် အမေရိကန်သတင်းစာဆရာတစ်ဦးကို ပြန်ပေးဆွဲသူအပါအဝင် အယ်လ်ခိုင်ဒါခေါင်းဆောင်နှစ်ဦးကို ဖမ်းဆီးရမိကြောင်း အမေရိကန်တပ်ဖွဲ့က ဩဂုတ် ၂၄ရက်တွင်ပြောကြားသည်။

အဘူတီဘာခေါ်အလီရပ်နာစီယာဂျီယက်အယ်လ်ရှာမာရီကို ဩဂုတ် ၁၇ ရက်က လည်းကောင်း၊ အဘူအူမန်ခေါ် စလင်းအဒယ်လ်လမ်ချ်အာရှာအယ်လ်ဂူဂျေရီကို ဩဂုတ် ၁၁ ရက်ကလည်းကောင်း ဖမ်းမိကြောင်း အမေရိကန်တပ်ဖွဲ့ကပြောကြားသည်။

အဘူတီဘာသည် ဘဂ္ဂဒက်တွင် ဆွန်နီစစ်သွေးကြွအုပ်စုမှ ထိပ်တန်းအကြံပေးတစ်ဦးဖြစ်သည်။ အဘူအူမန်သည် ဘဂ္ဂဒက်အရှေ့ပိုင်း ဘူဆာဖာခရိုင် စစ်သွေးကြွအုပ်စု၏ ခေါင်းဆောင်ဖြစ်သည်။ အဘူတီဘာသည် ၂၀၀၇ ခုနှစ် အစောပိုင်းကာလက အယ်လ်ခိုင်ဒါ၏လှုပ်ရှားမှုအများဆုံး ကာလက အယ်လ်ခိုင်ဒါ၏ တာဝန်ခံဖြစ်သည်။

ခရစ်ယာန်ဆိုင်းယင့်မိုနီတာသတင်းစာ၏သတင်းထောက်ဖြစ်သူ အမေရိကန် သတင်းစာဆရာ ဂျေလ်ကာရိုးလ်ကို ပြန်ပေးဆွဲရာတွင် နောက်ကွယ်ကတိုက်ရိုက် စီစဉ်ညွှန် ကြားသူဖြစ်သည်ဟု ယုံကြည်ခြင်းခံရ သူဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဂျော်ဂျီယာပဋိပက္ခပြဿနာကြောင့် အီရန်နိုင်ငံအတွက် အကျိုးရှိနိုင်ဟုဆို

တီဟီရန် ဩဂုတ် ၂၆

ရုရှားနှင့် ဂျော်ဂျီယာနိုင်ငံပြဿနာ ပေါ်ပေါက်လာသည့်အတွက်အနောက်နိုင်ငံများအနေဖြင့် အီရန်နိုင်ငံအား ကုလသမဂ္ဂလုံခြုံရေးကောင်စီမှတစ်ဆင့် သပိတ်မှောက် ပိတ်ဆို့ရေးကိစ္စ လုပ်ဆောင်ရန်မှာ ပိုမိုအခက်အခဲရှိလာမည်ဖြစ်သည်။ သို့ဖြစ်၍ ဖော်ပြပါပြဿနာကြောင့် သွယ်ဝိုက်သောအကျိုးကျေးဇူး ခံစားရဖွယ်ရာရှိသည်ဟုဩဂုတ်၂၄ရက်ထုတ်အီရန်သတင်းစာများတွင် ရေးသားသည်။

အီရန်ကို သပိတ်မှောက်ပိတ်ဆို့ရေးကိစ္စကို အမေရိကန် ဦးဆောင်သော အနောက်နိုင်ငံများက အဓိကပြုလုပ်လျက်ရှိသည်။

ဂျော်ဂျီယာနိုင်ငံပဋိပက္ခပေါ်ပေါက်လာသဖြင့် အမေရိကန်နှင့်ရုရှားတို့အကြား ဆက်ဆံမှုပိုမို တင်းမာလာမည်ဖြစ်၍အီရန်အား စတုတ္ထအကြိမ်သပိတ်မှောက် ပိတ်ဆို့ရေးကိစ္စတွင် အမေရိကန်နှင့် အနောက်နိုင်ငံအုပ်စုသည် ရုရှား၏ထောက်ခံမှုကို ရယူရန်အခက်အခဲရှိလာနိုင်ကြောင်းအီရန်နယူးစ်သတင်းစာက ရေးသားသည်။

အနောက်နိုင်ငံများက အီရန်သည် အနုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေးဟုအကြောင်းပြကာ နျူကလီးယားလက်နက်ထုတ်လုပ်ရန်ပြင်ဆင်နေသည်ဟု စွပ်စွဲထားသည်။သို့သော် ထိုစွပ်စွဲချက်မှာမဟုတ်မှန်ကြောင်းအီရန်နိုင်ငံက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဂျော်ဂျီယာတွင် လောင်စာတင်ရထား ပေါက်ကွဲ

ဂိုရီ (ဂျော်ဂျီယာ) ဩဂုတ် ၂၅

ဂျော်ဂျီယာနိုင်ငံ အရှေ့အနောက်ဆက်သွယ်သော အဓိက မီးရထားလမ်းပေါ်တွင် တနင်္ဂနွေနေ့က လောင်စာဆီများ သယ်ဆောင်လာသော ရထားတစ်စင်း ပေါက်ကွဲရာ ရဲတပ်ဖွဲ့က မြေမြှုပ်မိုင်းတစ်လုံးကို နင်းမိဖွယ်ရာရှိကြောင်း ပြောကြားသည်။

အဆိုပါ ရထားလမ်းသည် အဇာဘိုင်ဂျန်နှင့် ဥရောပနိုင်ငံများသို့ရေနံတင်ပို့သော အဓိကလမ်းကြောင်းဖြစ်သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ပျက်စီးမှုအတိုင်းအတာနှင့်ပတ်သက်၍ ရှင်းလင်းစွာ မသိရသေးပေ။ ဂိုရီမြို့အနောက်ဘက် ငါးကီလိုမီတာ (၃မိုင်) အကွာ အက်စကရာကျေးရွာတွင်ရထားအပျက်အစီးများမှမီးတောက်များနှင့် မီးခိုးလုံးများ တက်လာနေသည်ကိုတွေ့မြင်ရကြောင်း ရိုက်တာသတင်းထောက်တစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုကျွန်းတောင်ပိုင်းတွင် တိုက်ပွဲများဖြစ်ပွားလျက်ရှိရာ အစိုးရတပ်ဖွဲ့များက သူပုန်များ တပ်စွဲထားရာစခန်းများကို အမြောက်ကြီးများဖြင့် ဩဂုတ် ၂၃ရက်က ပစ်ခတ်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်း ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

၂၀၀၈ ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်း ဘတ်စကက်ဘောပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၀ ရက်တွင် သန်လျင်တပ်နယ် ရေတပ်လေ့ကျင့်ရေးဌာနချုပ် တပ်နယ်အားကစားရုံ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ် (ရေ) ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါပြိုင်ပွဲသို့ အသင်း ၁၃ သင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့တွင် ကျင်းပရာ ပြိုင်ပွဲ အမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး ကာကွယ်ရေးဦးစီးချုပ် (ရေ)ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် - ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က ဗိုလ်စွဲသွားသည့်တနင်္သာရီရေတပ်စခန်းဌာနချုပ်အသင်းအား တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ် (ရေ) ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ်-ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် ၂၀၀၈ခုနှစ် ကာကွယ်ရေး ဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ဘတ်စကက်ဘောပြိုင်ပွဲတွင် ဗိုလ်စွဲသွားသည့် တနင်္သာရီ ရေတပ်စခန်းဌာနချုပ် အသင်းအား တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း သင်တန်းများဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ ဆောက်လုပ်ရေး လုပ်ငန်း လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) အဆင့်မြှင့်သင်တန်းနှင့် လမ်းလုပ်သား(၅) သင်တန်းများဖွင့်ပွဲကို ယမန်နေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ) သင်တန်း ခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ သင်တန်း ဆရာများနှင့် သင်တန်းသားစုစုပေါင်း ၂၉ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၆ရက်အထိ ရက်သတ္တ(၅)ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ စာစီစာကုံးပုဒ်ရေများများကို လို တို ရှင်း အမြန်ဖတ်ပြီး ရေးသားလိုသူ အထက်တန်းကျောင်းသားများအတွက်...
ဆရာကြီး **ဦးဝမ်ထိန်** ရေးသားပြုစုသည့်
"လို-တို-ရှင်း အမြန်ဖတ် ပတ္တမြားရတနာ စာစီစာကုံးများ"
(စာအုပ်ဆိုင်တိုင်းတွင်ဝယ်ယူရရှိနိုင်ပါပြီ။)
ကျောင်းသားသုံး **လက်စွဲ** အဘိဓာန်နှင့် စာစီစာကုံးစာအုပ်မျိုးစုံကိုလည်း ဝယ်ယူရရှိနိုင်ပါသည်။
ပတ္တမြားဝဓောထ်စာပေ အမှတ်(၁၆၈)၊ ၃၃လမ်း၊ ရန်ကုန်။ ဖုန်း- ၃၈၆၄၁၈၊

ကမ္ဘာ့မှတ်တမ်းဝင် ဒိုင်ဗင်သမားများ

ထူးထူးခြားခြား စွန့်စွန့်စားစား ဆောင်ရွက်တတ်ကြသည့် လူသားတို့အနက် အမြင့်ဆုံးမှ ဒိုင်ဗင်ထိုးချကာ စွမ်းရည်ပြသသူ အချို့လည်းပါဝင်သည်။ ယင်းတို့အနက် ကမ္ဘာ့ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခြင်းခံရသော ဖြစ်ရပ်အချို့ကို ဖော်ပြလိုက်ပါသည်။

အမြင့်ဆုံးမှ ဒိုင်ဗင်ထိုးသူ

ဆွစ်ဇာလန်နိုင်ငံသားအိုလီဗီယာဖာဗရီးဆိုသူသည်ပြင်သစ်နိုင်ငံ ဗီလာစ်-လီ-လက်တွင် ၁၉၈၇ ခုနှစ် ဩဂုတ် ၃၀ ရက်က အမြင့်ဆုံးမှ ဒိုင်ဗင်ထိုးကာ ကမ္ဘာ့မှတ်တမ်းတင်ခဲ့သည်။ ၎င်းသည် ၅၃ ဒသမ ၉ မီတာ(၁၇၆ ပေ၊ ၁၀ လက်မ) အမြင့်ရှိ ဒိုင်ဗင်စင်မြင့်ထက်မှ ထိုးချခဲ့ရာ ကမ္ဘာတွင် အမြင့်ဆုံးမှ ဒိုင်ဗင်ထိုးသူအဖြစ် ကမ္ဘာ့မှတ်တမ်းဝင်သွားခဲ့သည်။

ကျောက်ဆောင်ထက် အမြင့်ဆုံးမှ အသက်အငယ်ဆုံး ဒိုင်ဗင်ထိုးသူ

အသက်ပင်ငယ်သော်လည်း အသည်းမငယ်သူဟူ၍ ညွှန်းဆိုရမည်ဖြစ်သည်။ ပို၍ထူးခြားသည်မှာ အသက် (၁၂)နှစ် အရွယ်သာရှိသေးသော မိန်းကလေးငယ်တစ်ဦးဖြစ်နေသည်။ ရေကူးကန်တွင်းရှိ ဒိုင်ဗင်စင်မြင့်ထက်မှ မဟုတ်မူဘဲ ကျောက်ဆောင်ကျောက်စွန်းထက်မှ ပင်လယ်တွင်းသို့ ထိုးချသူ (Cliff Diver) ဖြစ်သည်။ မက္ကဆီကိုနိုင်ငံသူ အိုင်းရစ်အယ်လ်ဗာရက်စ်သည် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလက မက္ကဆီကိုနိုင်ငံ အကာပူလ်ကိုရှိ လာကွီဘရာဒါ ကျောက်ဆောင်ထက် အမြင့် ၁၈ မီတာ (၅၉ ပေ)မှ ပင်လယ်တွင်းသို့ ဒိုင်ဗင်ထိုးချကာ အမြင့်ဆုံးမှ ဒိုင်ဗင်ထိုးချသူ အသက်အငယ်ဆုံး အမျိုးသမီးအဖြစ် ဂင်းနက်စ် ကမ္ဘာ့မှတ်တမ်းစာအုပ်၌ ဖော်ပြခြင်းခံရသည်။ [မီတာ ၃၀ (ပေ ၁၀၀) အမြင့်မှ ဒိုင်ဗင်ထိုးချသူတစ်ဦးသည် ရေပြင်ကို တစ်နာရီလျှင် ကီလိုမီတာ ၉၀ (တစ်နာရီ ၅၆ မိုင်နှုန်း) အရှိန်ဖြင့် ထိတွေ့ကြောင်း သိရသည်။]

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လက်ရွေးစင် ဒိုင်ဗင်အားကစားမယ် ဖူမင်းရှား။

အသက်အငယ်ဆုံး ကမ္ဘာ့ဒိုင်ဗင်ချန်ပီယံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လက်ရွေးစင် ဒိုင်ဗင်အားကစားမယ် ဖူမင်းရှားသည် ၁၉၉၁ ခုနှစ် ဇန်နဝါရီ ၄ရက်က ဩစတြေးလျနိုင်ငံ ပါ့သ်မြို့၌ ကျင်းပသည့် အမျိုးသမီး ကမ္ဘာ့ဒိုင်ဗင်ပြိုင်ပွဲ ပလက်ဖောင်းဒိုင်ဗင်ပြိုင်ပွဲ၌ ပထမရွှေတံဆိပ်ဆုရရှိခဲ့ရာ ထိုစဉ်က သူမ၏အသက်မှာ ၁၂နှစ်နှင့် ၁၄၁ ရက်ဖြစ်၍ ကမ္ဘာ့အသက်အငယ်ဆုံး ဒိုင်ဗင်ချန်ပီယံအဖြစ် ဂင်းနက်စ်မှတ်တမ်းစာအုပ်၌ ဖော်ပြခြင်းခံခဲ့ရသည်။

အင်ဒိုနီးရှား လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဖလား ဘောလုံးပြိုင်ပွဲ မြန်မာအသင်း အကြိုဗိုလ်လုပွဲတက်

ရန်ကုန် ဩဂုတ် ၂၆

အင်ဒိုနီးရှား သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဖလား ဘောလုံးပြိုင်ပွဲကို ယမန်နေ့က ကျင်းပရာ အိမ်ရှင်အင်ဒိုနီးရှားလက်ရွေးစင်ဘောလုံးအသင်းက မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းကို လေးဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ အုပ်စုအဆင့် ပွဲစဉ်များ ပြီးစီးသွားပြီဖြစ်ရာ အုပ်စု(က)မှ အင်ဒိုနီးရှား လူငယ်လက်ရွေးစင် ဘောလုံးအသင်းနှင့် လစ်ဗျားအသင်း၊ အုပ်စု (ခ)မှ အင်ဒိုနီးရှား လက်ရွေးစင်ဘောလုံးအသင်းနှင့်မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းတို့ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

ဩဂုတ် ၂၇ရက် (ယနေ့)တွင် အကြိုဗိုလ်လုပွဲများ ကျင်းပမည်ဖြစ်ရာ အင်ဒိုနီးရှားလက်ရွေးစင်ဘောလုံးအသင်းနှင့် အင်ဒိုနီးရှား လူငယ်လက်ရွေးစင် ဘောလုံးအသင်း၊ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနှင့်လစ်ဗျားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း
ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း
အမှတ်-၁၆၊ တတိယလွှာ(ပွင့်ရွှေလင်းတာယာနှင့် အလှိုင်းဝိုး ရောင်းဝယ်ရေးဆိုင် အပေါ်ဆုံးထပ်)
ဗိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၃၄၇၃၃၊ ၅၃၄၈၈၃
Open (AM-7:00 to PM-9:00) ပိတ်ရက်မရှိပါ။
ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့် နာမည်ကြီး ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ သူနာပြုအုပ် (အငြိမ်းစား)များ ဦးစီး၍ နားလည်တတ်မြောက်အောင် အင်္ဂလိပ် - မြန်မာနှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့ သရုပ်ပြ သင်ကြားပေးသည်။ နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန် အဓိကသင်ကြားပေးသည်။ ကျွမ်းကျင်သောသူနာပြုအကူဖြစ်အောင်သင်ပေးသည်။ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်ရရှိရေး ကူညီမည်။ သင်တန်းဆင်းအောင်လက်မှတ်ထုတ်ပေးသည်။ သန့်ရှင်းသော သင်တန်းခန်းများတွင် တစ်ယောက်ထိုင်ခုံဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိသည်။ လူဦးရေကန့်သတ်ထားသဖြင့် ကြိုတင် စာရင်းသွင်းထားပါ။
စာရွက်စာတမ်း+ လက်တွေ့အပြီးအစီး { ပ-အရစ်၁၅၀၀၀ိ/- ဒု-အရစ်၁၀၀၀၀ိ/- တ-အရစ်၁၀၀၀၀ိ/- } ၃၅၀၀၀ိ/- **တစ်ကြိမ်အပြီး- ၃၂၀၀၀ိ/-**
❖ **(၁)လပြတ်အထူးသင်တန်း**
အပတ်စဉ်(၅၄၂) ၃-၉-၂၀၀၈ စမည်။ တနင်္လာနေ့မှ သောကြာနေ့အထိ
Section(1) 08:00AM to 11:00 AM (16)ဦး
Section(2) 09:00AM to 12:00 PM (16)ဦး
Section(3) 01:30PM to 04:30 PM (16)ဦး
❖ **(၂)လပြတ်အထူးသင်တန်းများ**
အပတ်စဉ်(၅၄၃) ၄-၉-၂၀၀၈ စမည်။ ကြာသပတေးနှင့် သောကြာ
အပတ်စဉ်(၅၄၄) ၆-၉-၂၀၀၈ စမည်။ စနေနှင့် တနင်္ဂနွေ
အပတ်စဉ်(၅၄၅) ၈-၉-၂၀၀၈ စမည်။ တနင်္လာ နှင့် အင်္ဂါ
Section(1) 09:00AM to 12:30 PM (16)ဦး
Section(2) 01:30PM to 04:30PM (16)ဦး
❖ **(၃)လပြတ် အထူးသင်တန်းများ**
အပတ်စဉ်(၅၄၆) ၆-၉-၂၀၀၈ စမည်။ စနေနေ့တစ်ရက်တည်းသာ။
အပတ်စဉ်(၅၄၇) ၇-၉-၂၀၀၈ စမည်။ တနင်္ဂနွေ တစ်ရက်တည်းသာ။
Section(1) 08:00AM to 12:30PM (16)ဦး
Section(2) 01:30PM to 05:30PM (16)ဦး
❖ **(၂)ပတ်အပြီး ဂွတ်ရှယ်အထူးသင်တန်း**
အပတ်စဉ်(၅၄၈) ၈-၉-၂၀၀၈ စမည်။ တနင်္လာမှ သောကြာအထိ
09:00AM to 04:30PM (16)ဦး
❖ **(၁)လပြတ်(ညပိုင်းအထူးသင်တန်း)**
အပတ်စဉ်(၅၄၉) ၈-၉-၂၀၀၈ စမည်။ တနင်္လာနေ့မှ သောကြာ(နေ့စဉ်)
Section(1) 05:00PM to 07:00PM (16)ဦး
Section(2) 06:00PM to 08:00PM (16)ဦး

မိုးဆက်လက်လျော့နည်းမည်

ရန်ကုန် ဩဂုတ် ၂၆

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းက ပဲခူးတိုင်းတွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ မြစ်ကြီးနားမြို့တွင် ၂ဒသမ ၂၈လက်မ၊ ပြည်မြို့တွင် ၂ဒသမ ၀၁လက်မ၊ သထုံမြို့တွင် ၁ဒသမ၃၀လက်မ၊ မိုးကုတ်မြို့တွင် ၁ဒသမ၂၆လက်မနှင့် ရန်ကုန်(မြို့လယ်)တွင် ၁ဒသမ ၁၀လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

ဩဂုတ် ၂၇ရက် ညနေထိ ခန့်မှန်းချက်။ ။ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ တစ်ပြည်လုံးတွင် မိုးဆက်လက်လျော့နည်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသ အခြေအနေ

အမြင့်ဆုံးအပူချိန်

၃၅ ဒသမ၅ ဒီဂရီစင်တီဂရိတ် (၉၆ ဒီဂရီဖာရင်ဟိုက်) ၂၅-၈-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၁ ဒသမ ၆ ဒီဂရီစင်တီဂရိတ် (၇၁ ဒီဂရီဖာရင်ဟိုက်) ၂၆-၈-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်း ၂၆-၈-၂၀၀၈

နေပူသည့်နာရီပေါင်း ၅ ဒသမ ဝနာရီခန့် ၂၅-၈-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၆-၈-၂၀၀၈	Tr	၂၆မမ	၂၈မမ
၁-၁-၂၀၀၈မှ	(၁ဒသမ၀၂လက်မ)		(၁ဒသမ၁၀လက်မ)
ယနေ့အထိ ၂၀၃၀ မမ	၂၃၀၃မမ	၂၇၅၈မမ	
(၇၉ဒသမ၉၂လက်မ)	(၉၀ဒသမ၆၇လက်မ)	(၁၀၈ဒသမ၅၈လက်မ)	

ရန်ကုန် (ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၅-၈-၂၀၀၈ ရက် ၁၃း၃၀နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်း တိုက်ခတ်သည်။

မိုးဆက်လက် လျော့နည်းမည့် အခြေအနေရှိ

ရန်ကုန် ဩဂုတ် ၂၆

ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေသည် အားနည်းလျက်ရှိနေပြီး မြန်မာနိုင်ငံ တစ်ဝန်းတွင်လည်း မိုးများလျော့နည်းလျက်ရှိနေသည်။ အဆိုပါအခြေအနေသည် ယနေ့မွန်းတည့်မှနောက် ၇၂နာရီအထိ ဆက်လက်ဖြစ်ပေါ်နေမည်ဟု ခန့်မှန်းရကြောင်းမိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

သတိပေး အကြောင်းကြား ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံတောင်မြို့နယ်၊ လူနေရပ်ကွက် (စက်မှုဇုန်)၊ မြေတိုင်းရပ်ကွက်အမှတ် (၆၄)၊ မြေကွက်အမှတ် (၅၆၂)၊ ဧရိယာ (၀ဒသမ၀၅၉) ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်ကို ရန်ကုန်မြို့ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန မြေတိုင်းဌာနတွင် ဦးထွန်းထွန်းဦး [၁၂/ပဇတ (နိုင်) ၀၁၈၄၅၂] အမည်ပေါက်ဟုဆိုကာ ၎င်း၏ ဇနီး ဒေါ်စန်းစန်းဝေ [၇/ပခန (နိုင်) ၀၅၂၄၀၂] မှ ၃၁-၃-၂၀၀၈ ရက်နေ့တွင် ကန့်ကွက်စာ တင်သွင်းထားပါသည်။

အဆိုပါမြေကွက်မှာ ဦးထွန်းထွန်းဦး အမည်ပေါက်ခြင်းမှာ မှန်ကန်ခြင်းမရှိပါ။ ဦးမျိုးမြင့်(ခ)လီလုံကြိုင် [၁၂/လသန (နိုင်) ၀၀၉၆၁၁] အမည်ပေါက် လက်ဝယ်ရှိသော ဂရန်မြေကွက်ဖြစ်ပါသည်။ သို့ဖြစ်၍ ကန့်ကွက်သူ ဒေါ်စန်းစန်းဝေသည် ဤကြေညာချက်ပါရှိပြီး (၅) ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ဖြေရှင်းပါရန် အကြောင်းကြားအပ်ပါသည်။ ဖြေရှင်းခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဦးမျိုးမြင့်(ခ) လီလုံကြိုင်
[၁၂/လသန(နိုင်) ၀၀၉၆၁၁]၊ အမှတ် (၁၅၄)၊
အနော်ရထာလမ်း (၁၀)ရပ်ကွက်၊ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

ကြေးမုံ The Mirror သတင်း၊ ဆောင်းပါးအညွှန်း

ယနေ့ ရုပ်ရှင်နဲ့ ဗီဒီယိုလောကအတွင်းမှာ ဇာတ်လမ်းဇာတ်ကွက်အရ အနုပညာကို မြန်မာမှု မြန်မာဟန်နဲ့အညီ ခံစားမှုအသွင်နဲ့ သရုပ်ဆောင်ပေးနိုင်တဲ့ သရုပ်ဆောင် လိုအပ်နေ။

[မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး(၁/၂၀၀၈) သရုပ်ဆောင် သင်တန်းဆင်းပွဲ သတင်းဆောင်းပါး]

စာမျက်နှာ-၉

ဩဂုတ် ၂၆ ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မရမ်းကုန်းမြို့နယ်ရှိ ကုန်းမြင့်သာ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း၊ စာမျက်နှာ-၈) (သတင်းစဉ်)

အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်ရှား

နေပြည်တော် ဩဂုတ် ၂၆

ဩဂုတ် ၂၆ရက် မြန်မာစံတော်ချိန် ၀၉နာရီ ၄၀မိနစ် ၃၂စက္ကန့် အချိန်တွင် ထားဝယ်မြေငလျင်စခန်း၏ တောင်ဘက် မိုင် ၁၄၅၀ ခန့် ကွာဝေးသောနေရာ မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားနိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ ၈အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကလေး-ဂန့်ဂေါလမ်းပေါ်၌ မြောင်းချောင်းတံတားဖွင့်ပွဲ ကျင်းပ ရာသီမရွေး၊ အချိန်မရွေး လွယ်ကူချောမောစွာ ခရီးသွားလာနိုင်မည်

ရန်ကုန် ဩဂုတ် ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁၅)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းအတွင်းရှိ ကလေး-ဂန့်ဂေါလမ်း မိုင်တိုင်အမှတ်(၅၂/၆)နှင့် (၅၂/၇)ကြားရှိ မြောင်းချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ကလေးတပ်နယ်မှ ဗိုလ်မှူးကြီးအောင်ဆန်းချစ်၊ တိုင်း၊ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် မြောင်းချောင်းတံတားကို ၂၀၀၇ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် စတင်တည်ဆောက်ပေးခဲ့ကြောင်း၊ ယခင်က ဂန့်ဂေါ-ကလေး ခရီးသွားလာရေးတွင် ယာဉ်ငယ်များသွားလာနိုင်သော ယာယီတံတားသာရှိခဲ့ကြောင်း၊ မိုးတွင်းကာလများတွင် ချောင်းရေကြီးမှုများကြောင့် ခရီးသွားလာရေးတွင် အချိန်ကြန့်ကြာမှုများ၊ အဆင်မပြေမှုများ ဖြစ်ပေါ်ခဲ့ကြရကြောင်း၊ ယခု မြောင်းချောင်းတံတား တည်ဆောက်ပြီးစီးသွားသည့်အတွက် ရာသီမရွေး၊ အချိန်မရွေး ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ပြီး ဒေသခံ မိဘပြည်သူများသည် လွယ်ကူချောမွေ့စွာ ခရီးသွားလာနိုင်တော့မည်ဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအသီးသီး၏ လက်တွေ့တိုးတက်ဖြစ်ထွန်းလာမှုအခြေအနေကို ကြည့်မည်ဆိုလျှင် ၁၉၈၈ခုနှစ်မတိုင်မီက အထင်ကရ မြစ်ကူးတံတားကြီးဟူ၍ ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတားနှင့် စစ်တောင်းမြစ်ကူး စစ်တောင်းတံတားတို့သာရှိခဲ့ရာမှ ယခုဆိုလျှင် ဧရာဝတီမြစ်ကူးတံတားရှစ်စင်း၊ ချင်းတွင်းမြစ်ကူးတံတားနှစ်စင်း၊ သံလွင်မြစ်ကူးတံတားငါးစင်း၊ စစ်တောင်းမြစ်ကူးတံတားတစ်စင်း တည်ဆောက်ပေးနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲**

(၁၀)ကြိမ်မြောက် အာရှအနုပညာပွဲတော် နိုင်ငံနှင့် ဒေသ ၃၇ ခု ပါဝင်ဆင်နွှဲမည်

ပေကျင်း ဩဂုတ် ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံအလယ်ပိုင်း ဟီနန်ပြည်နယ်၏မြို့တော် ကျန်းကျိုးမြို့၌ အာရှတစ်လွှားရှိ နိုင်ငံပေါင်း ၃၇နိုင်ငံမှ အနုပညာအဖွဲ့များ ပါဝင်တင်ဆက်ကြမည့် အနုပညာပွဲတော်ကြီးတစ်ခုကို ကျင်းပသွားမည်ဖြစ်ရာ နိုင်ငံအသီးသီးမှ ဖျော်ဖြေတင်ဆက်မှု ပုံစံအမျိုးမျိုးတို့ကို ဒေသခံပြည်သူများသာမက နိုင်ငံရပ်ခြားမှ ကမ္ဘာလှည့်ခရီးသည်များပါ ရှုမြင်ခွင့်ရကြတော့မည်ဖြစ်သည်။

အဆိုပါ (၁၀)ကြိမ်မြောက် အာရှအနုပညာပွဲတော်ကို တရုတ်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဟီနန်ပြည်နယ်အစိုးရတို့၏ ကူညီပံ့ပိုးမှုဖြင့် ဟီနန်ပြည်နယ် ယဉ်ကျေးမှုဗျူရိုက ကမကထပြု ကျင်းပမည်ဖြစ်ပြီး ကျန်းကျိုးမြို့နှင့် ကိုင်ဖန်းမြို့တို့၌ စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၈ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အာရှအနုပညာပွဲတော်သို့တောင်ကိုရီးယား၊ အိန္ဒိယ၊ ဂျပန်၊ မြောက်ကိုရီးယား၊ ဆီးရီးယား၊ ကာဂျစ်စတန်၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ပါကစ္စတန်၊ ကမ္ဘောဒီးယား၊ တူရကီ၊ အစ္စရေး၊ မြန်မာ၊ မွန်ဂိုလီးယား၊ အိမ်ရှင် တရုတ်နှင့် ဟောင်ကောင်၊ မကာအို အပါအဝင် နိုင်ငံနှင့် ဒေသများမှ ယဉ်ကျေးမှုအဖွဲ့များ ပါဝင်ဆင်နွှဲကြမည်ဖြစ်ကြောင်း သိရသည်။

ချိုင်းနားဒေလီ။

ကျန်းကျိုးတေးဂီတနှင့် အကအဖွဲ့၏ လေထဲမှ ရှောင်လင် ကကွက်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-ချိုင်းနားဒေလီ)

ဆူဒန်လေယာဉ် ဒါဖာတွင် အပိုင်စီးခံရ

လေယာဉ်အပိုင်စီးခံရသည့် ဒေသပြ မြေပုံကို တွေ့ရစဉ်။

(အင်တာနက်)

ဒါဖာ ဩဂုတ် ၂၆

ဒါဖာဒေသ ညာလာလေဆိပ်မှပျံသန်းပြီး မကြာမီအချိန်အတွင်း ဆူဒန်လေယာဉ်တစ်စင်း အပိုင်စီးခံရကြောင်း ဆူဒန်လေကြောင်း တာဝန်ရှိသူက အင်္ဂါနေ့တွင် ပြောကြားသည်။

အဆိုပါလေယာဉ်သည် ဆူဒန်နိုင်ငံ ခါတွမ်လေဆိပ်သို့ ပျံသန်းစဉ် အပိုင်စီးခံရခြင်းဖြစ်ပြီး ကိုင်ရိုမြို့သို့ ပထမဆုံးဆင်းသက်ရန် ကြိုးစားသော်လည်း ဆင်းခွင့်မရ၍ လစ်ဗျားနိုင်ငံသို့ ဆင်းသက်ခဲ့ရသည်။

ယင်းလေယာဉ်တွင် ခရီးသည် ၉၅ ဦး ပါရှိကြောင်း ဆူဒန်နိုင်ငံ ဆန်းလေကြောင်းကုမ္ပဏီက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။ အယ်လ်-အာရေဗီးယားသတင်းဌာနကမူ ဆူဒန်နိုင်ငံသားတစ်ဦးက လေယာဉ်ကို အပိုင်စီးခဲ့သည်ဟုဆိုသည်။ ***အင်တာနက်။***